Forum for Democracy in Burma

# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု

eBulletin

၁၀ နိုဝင်ဘာလ ၂၀၀၇ သတင်းလွှာ အမှတ် ၃၆/၂၀၀၇



အမေကလေ အဲဒီလူငယ်တွေကိုလေ အမေက သိပ်သတိထားပြီး လုပ်ပါလို့နော်၊ နောက်ပြီးတော့ အချင်းချင်းလည်း နားလည်မှုနဲ့ လက်တွဲနိုင်အောင် ကျိုးစားပါလို့ ကိုယ်ဖာ့သာကိုယ်တယောက်ထဲ ဘာမှ လုပ်လို့ဖြစ်တာ မဟုတ်ဘူးလို့ တပြည်လုံးအခြေအနေက ကောင်းတာ မဟုတ်ဘူးလို့ အဲဒီတော့ သည်းခံပြီးတော့ နားလည်မှုနဲ့လက်တွဲလို့ လက်တွဲပြီး လုပ်ရမှာပဲလို့ ...

စာရေးဆရာမကြီး လူထုဒေါ်အမာ ၉၂ နှစ်ပြည့်မွေးနေ့ အမှတ်တရစကား (၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့) အာအက်ဖ်အေမှ

**စိတ်ကူးယဉ်မှုများ၊ ဟိုမျှော်ဒီမျှော် အတွေးအခေါ်များ၊ တစုတည်းသောနည်းလမ်းဆိုသည့်များနှင့်တော့ စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်ကို ဖယ်ရှားရန်မှာ လုံးဝမဖြစ်နိုင်ပါ။**

"အမှာစကား"

(စာမျက်နှာ ၂)

**အမျိုးသမီးတွေ လွတ်မြောက်ဖို့၊ ကမ္ဘာကြီးတခုလုံး လွတ်မြောက်ဖို့ လှုပ်ရှားဆောင်ရွက်ကြမယ့်ကိစ္စဟာ ရေရှည်မနားတမ်း ဆောင်ရွက်ကြရမယ့် ကိစ္စဖြစ်တယ် ...**

"နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ ..."

(စာမျက်နှာ ၃)

**ဂန်ဘာရီကို စကားပြောခွင့်ပေးဖို့တောင် မစွမ်းဆောင်နိုင်တဲ့ အာဆီယံအသင်းဟာ နအဖကို ထုတ်ဖယ်နိုင်မှာ မဟုတ်ပါဘူး။**

"အာဆီယံ၏ နာတာရှည်ရောဂါ"

(စာမျက်နှာ ၇)

**"ကျနော်တို့ ငတ်နေပါတယ်ဆိုတာကို ရိုက်နှက်နေလို့တော့ တော်သလား၊ မတော်သလား စဉ်းစားကြဖို့"**

"စာရေးဆရာမကြီး လူထုဒေါ်အမာ၏ (၉၂)နှစ်ပြည့် ..."

(စာမျက်နှာ ၅)

**အချိန်ဆွဲဖို့နဲ့ လှည့်စားဖို့သက်သက် (နအဖ)စစ်အစိုးရက တင်ပြထားတဲ့ 'တွေ့ဆုံဆွေးနွေးရေး' ဆိုတာကို 'တည်' ပြီး ပြည်တွင်းပြည်ပမှာ ဘာလို့ ကျွန်တော်တို့ အငြင်းပွားနေကြမှာလဲ။**

"အစကတည်းက မဖြစ်နိုင်တဲ့ 'တွေ့ဆုံဆွေးနွေးရေး' ..."

(စာမျက်နှာ ၈)

**နအဖ တကယ်ကြောက်တာ၊ သူတို့ကို တကယ်ကိုင်လှုပ်နိုင်တာဟာ ပြည်တွင်းက ပြည်သူတွေရဲ့ ဖုံကြွမှုသာဖြစ်တယ် ...**

"နအဖရဲ့ ရှေ့ခြေလှမ်းကို ရိုက်ချိုးဖို့ ပြင်ကြစို့"

(စာမျက်နှာ ၁၀)

## အမှာစကား

# နအဖ စစ်အုပ်စုရဲ့ တွေ့ဆုံဆွေးနွေးရေး ဘာလဲ ဘယ်လဲ

ရဟန်းသံဃာများနဲ့ ကျောင်းသားများရဲ့ဦးဆောင်မှုနဲ့ဖြစ်ပေါ်ခဲ့တဲ့ ဩဂုတ်စ်၊ စက်တင်ဘာလူထုတိုက်ပွဲကြောင့် နအဖ စစ်အုပ်စုဟာ ပြည်သူနဲ့ နိုင်ငံတကာကို တွေ့ဆုံဆွေးနွေးရေးလုပ်တော့မယောင် အောက်တိုဘာ ၄၊ ၈၊ ၁၂ ရက်တွေမှာ ကြေညာချက် ၁၊ ၂၊ ၃ ဆိုတာကို ထုတ်ပြန်ခဲ့ပါတယ်။ UNSC ဥက္ကဌ ရဲ့ကြေညာချက်နဲ့ မစ္စတာ ဂမ်ဘာရီခရီးစဉ်အတွင်းမှာ အာဆီယံနဲ့ အိမ်နီးချင်းနိုင်ငံတွေကပါ UN နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ပြောလာတဲ့ အချိန်မှာ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံတာ၊ ဂမ်ဘာရီနဲ့ ဒေါ်စုတွေ့ဆုံတာ၊ ဒေါ်စုနဲ့ အဲန်အယ်လ်ဒီ စီအီးစီတွေ့ဆုံတာ စတဲ့ပုံနဲ့ ဘာမှမပါတဲ့ သတင်းကို သူ့ရဲ့ သတင်းမီဒီယာတွေကနေ လွှင့်ထုတ်ပြသ ခဲ့ပါတယ်။ ဒီလိုဖြစ်စဉ်အတွင်းမှာပဲ အန်အယ်ဒီပါတီဝင်တွေကို ဖမ်းဆီးတာ၊ တိုင်းရင်းသားခေါင်းဆောင်တွေကို ဖမ်းဆီးတာ၊ စက်တင်ဘာ လှုပ်ရှားမှုမှာ ပါဝင်တဲ့ ရဟန်းတွေ၊ ကျောင်းသားတွေ၊ ပြည်သူတွေကို ဖမ်းဆီးတာ၊ ဖိနှိပ်တာ၊ အပစ်ရပ်အင်အားစုတွေရော အပစ်မရပ်ထားတဲ့ အင်အားစုတွေကိုပါ နိုင်ငံရေးအရ စစ်ရေးအရ ထိုးစစ်ဆင်မှုတွေကို တောက်လျှောက်လုပ်နေ ပါတယ်။

နိုဝင်ဘာ ၈ ရက်နေ့မှာ မစ္စတာ ဂမ်ဘာရီကတဆင့် ထုတ်ပြန်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ကြေညာချက်ထွက်လာတော့ တရားဝင်ဖွဲ့စည်း ထားတဲ့ နိုင်ငံရေးပါတီတချို့၊ တရားမဝင်ဖွဲ့စည်းထားတဲ့ လက်ကိုင်တုတ်အဖွဲ့တွေ၊ အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုတချို့ တွေကို စစ်အုပ်စုအလိုကျ ဆန့်ကျင်တဲ့ကြေညာချက်တွေကို ထုတ်ခိုင်းရုံသာမက ညောင်နှစ်ပင်ညီလာခံ ကိုယ်စားလှယ်များ (တိုင်းရင်းသားလူမျိုး ကိုယ်စား လှယ်များ)ကိုပါ ထုတ်သုံးလာတာကို တွေ့ရပါတယ်။

နိုဝင်ဘာလ ၁၉ ရက်နေ့က စင်္ကာပူတွင် ကျင်းပသည့်အာဆီယံထိပ်သီးခေါင်းဆောင်များ အလုပ်သဘောညစာစားပွဲတွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထုတ်ဖေါ်ပြောဆိုရာတွင် ...

*"ယင်းသို့သော ဖြစ်ရပ်သည် မိမိတို့ကြိုးပမ်းတည်ဆောက်နေသော အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အဟန့် အတား ဖြစ်စေပါသဖြင့် မိမိတို့အစိုးရအနေဖြင့်လည်း ယင်းလုပ်ရပ်မျိုးကို နှစ်သက်လိုလားမှုမရှိကြောင်း"* စသဖြင့် ထုတ်ဖေါ်ပြောဆိုပါတယ်။

ထို့အပြင် နိုင်ငံတကာနှင့် အာဆီယံကိုပြောရာတွင် *'မိမိတို့ပြည်တွင်းရေးပြဿနာကို မိမိတိုနိုင်ငံသားများကိုယ်တိုင် မိမိတို့၏ ကိုယ်ပိုင် နည်းလမ်း ဖြင့်ဖြေရှင်းနိုင်မည်ဟု အခိုင်အမာယုံကြည်ထားကြောင်း'* ပြောပါတယ်။

နိုဝင်ဘာ ၂၀ ရက်ထုတ်သတင်းစာများတွင် သူမနဲ့တွေ့ဆုံဆွေးနွေးရေးဆိုတာနဲ့ပတ်သက်၍ ဆိုသည်ကို ဤကဲ့သို့အဓိပါယ်ဖွင့်ဆိုခဲ့သည် ...

"ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းသည် အမျိုးသားညီလာခံကချမှတ်ထားသည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် အညီဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲပြီးနောက် စတုတ္ထအဆင့်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်း၊ ပဉ္စမအဆင့်၊ ဆဌမအဆင့်၊ သတ္တမအဆင့်များတွင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်သာဖြစ်သည်"ဟုဖေါ်ပြပြီး၊ တွေ့ဆုံဆွေးနွေးရေးဆိုတာ နအဖရဲ့ လမ်းပြမြေပုံ(၇) ရပ်တိုင်းကို ထောက်ခံပြီး ပူးပေါင်းဆောင်ရွက်ရေးဖြစ်တယ်လို့ ဆိုပါတယ်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဟာ နိုင်ငံတော်သစ်ကြီးအဖြစ် ညင်သာစွာအသွင်ကူးပြောင်းနိုင်ရေးအတွက် တစ်ခုတည်း သောနည်းလမ်းဖြစ်တယ်လို့ ကြံ့ဖွံ့သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၇)တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေမှ ပြောခဲ့ပါတယ်။

ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ၏ အကြံပြုချက်များနှင့်ပတ်သက်၍ (နအဖ)စစ်အစိုးရကသူတို့သဘောထားပုံကို ယခုလို ရှင်းရှင်းပြတ်ပြတ် ပြောထားပါတယ်

*'မစ္စတာဂမ်ဘာရီ၏ အကြံပြုအားပေးချက်များကို လက်ခံစဉ်းစားရာ၌ မိမိတို့အမျိုးသားရေးအခြေခံမူဝါဒဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုလည်းကောင်း၊ မိမိတို့နိုင်ငံ၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇) ရပ်ကိုလည်းကောင်း ထိခိုက်မှုရှိ/မရှိစဉ်းစားပြီး ထိခိုက်မှုမရှိပါက လက်ခံအကောင်အထည်ဖေါ်သွားမည်ဖြစ်ကြောင်း'*

ဤသို့ဆိုလျှင် စစ်အုပ်စုဘက်က တွေ့ဆုံဆွေးနွေးရေးဆိုခြင်းမှာ သူ့အလိုကျ ဒူးထောက်အညံ့ခံရေး မူဝါဒလမ်းစဉ်(၇)ရပ် ထောက်ခံ ပူးပေါင်း ဆောင်ရွက်ရေး သာဖြစ်သဖြင့် မိမိတို့အင်အားစုများအားလုံး၊ ကုလသမဂ္ဂနှင့် မစ္စတာ ဂမ်ဘာရီတို့သည် နအဖစစ်အုပ်စု၏ တွေ့ဆုံဆွေးနွေးရေးကို မျှော်လင့်ရန် မဖြစ်နိုင်၊ လက်ရှိအခြေအနေကို ပြောင်းလဲရန် ပြည်တွင်း ပြည်ပ ဖိအား၊ တွန်းအားများကို ပိုမိုမြှင့်ရန်မှလွဲ၍ ဘာမှမရှိပေ။

ထိုကြောင့် စိတ်ကူးယဉ်မှုများ၊ ဟိုမျှော် ဒီမျှော် အတွေးအခေါ်များ၊ တခုတည်းသော နည်းလမ်းဆိုသည်များနှင့်တော့ စစ်အုပ်စု၊ စစ်အာဏာရှင် စနစ်ကို ဖယ်ရှားရန်မှာ လုံးဝမဖြစ်နိုင်ပါ။ စစ်အုပ်စုရဲ့ ရှေ့ကိုတိုးလာမယ့် ခြေလှမ်းတွေကို ရိုက်ချိုးရန်အတွက် ပြည်တွင်းမှအဓိကကျတဲ့ လူမျိုးပေါင်းစုံ ပြည်သူလူထုကို စည်းရုံးမှု ပြင်ဆင်တည်ဆောက်ရန်၊ ပြည်တွင်း ပြည်ပ ဒီမိုကရေစီအင်အားစုများအားလုံး စုစည်းညီညွတ်စွာဖြင့် ဟန်ချက်ညီပူးပေါင်း ဆောင်ရွက်ရန် အထူးလိုအပ်နေပြီဖြစ်ပါတယ်။

■ ■ ■ ■

# အက်ဖ်ဒီဘီ အဖွဲ့ဝင်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုသတင်းများ

## မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု မူဝါဒရေးရာ ဦးဆောင်အဖွဲ့၏ တတိယအကြိမ်မြောက် အစည်းအဝေးကျင်းပ



မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုရုံး၌ မူဝါဒရေးရာ ဦးဆောင်အဖွဲ့၏ တတိယအကြိမ်မြောက် အစည်းအဝေးကို ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နှင့် ၆ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့ကြသည်။

မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင်ပေါင်း (၂၃)ဦး တက်ရောက်ခဲ့ကြပြီး ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်း ဖြစ်ပွားပေါ်ပေါက်ခဲ့သော သံဃာတော်များဦးဆောင်သည့် လူထုလှုပ်ရှားမှုကြီးကို ဘက်ပေါင်းစုံမှ ကြည့်မြင်သုံးသပ်ခဲ့ကြသည်။ စစ်အုပ်စု၏ ဖိနှိပ်မှုကြောင့် တစုံတရာ အရှိန်တန့်သွားသော ထိုလှုပ်ရှားမှုကြီးကို ပြန်လည်အရှိန်တင်နိုင်ရန်အတွက် အလုပ်ကြွေးကြော်သံများနှင့် ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းချမှတ်ခဲ့ကြသည်။

တခုလုံးဆိုင်ရာ နိုင်ငံရေးအခြေအနေများကို ဆွေးနွေးသုံးသပ်ခဲ့ကြပြီး ပြည်တွင်းလှုပ်ရှားမှုများနှင့် နိုင်ငံတကာဖိအားကို အချိုးကျပေါင်းစပ်နိုင်ရေး၊ တိုက်ပွဲသဏ္ဍာန်ပေါင်းစုံဖြင့် အရှိန်မြှင့်တိုက်ပွဲဝင်သွားရေး၊ စစ်အုပ်စု၏ လမ်းပြမြေပုံကို အဆင့်တိုင်းတွင် ဆက်လက်ဆန့်ကျင်တိုက်ဖျက်သွားရေးလုပ်ငန်းစဉ်များကို တတိယအကြိမ်အစည်းအဝေးမှ တညီတညွတ်တည်း ချမှတ်ဆုံးဖြတ်ခဲ့ကြသည်။

XXXXXXX

## နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ (ဖဲကြိုးဖြူနေ့) အခမ်းအနားကျင်းပ




အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ဦးဆောင်ပြီး အခြားသော အဖွဲ့အစည်းများနှင့်အတူ "နိုင်ငံတကာ (ဖဲကြိုးဖြူနေ့) အခမ်းအနား"ကို ထိုင်း–မြန်မာ နယ်စပ်တနေရာတွင် နိုဝင်ဘာလ(၂၅)ရက်နေ့က ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ထိုအခမ်းအနားသို့ အမျိုးသမီးများနှင့် အင်အားစုအသီးသီးမှ တာဝန်ရှိသူများ (၂၀၀)နီးပါး တက်ရောက်ခဲ့ကြသည်။

ထိုအခမ်းအနားတွင် (ပလောင်အမျိုးသမီးအစည်းအရုံး) လွေးအိနန်းမှ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ လှုပ်ရှားမှုအကျဉ်းကို ဆွေးနွေးတင်ပြပြီး ဖဲကြိုးဖြူလှုပ်ရှားမှုပေါ်ပေါက်လာပုံနှင့် လှုပ်ရှားဆောင်ရွက်မှုများကို လွေးမိုခမ်းမှ ဆွေးနွေးပြောကြားပေးသည်။ ရွှေ့ပြောင်းအလုပ်သမားအပေါ် အကြမ်းဖက်ခံနေရမှုများနှင့် ပတ်သက်၍ မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU)မှ မမာမာအေးက တင်ပြဆွေးနွေးပြီး BWU ၏ ထုတ်ပြန်ကြေညာချက်ကို လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဝင် မယဉ်ယဉ်မွန်မှ ဖတ်ကြားတင်ပြပေးပါသည်။

ထိုအခမ်းအနားတွင် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု ဒုတိယအတွင်းရေးမှူးချုပ် ကိုငွေလင်းမှ "အမျိုးသမီးများ လွတ်မြောက်ဖို့ကိစ္စဟာ အမျိုးသမီးတွေမှာသာ တာဝန်ရှိတာမဟုတ်ဘူး၊ အမျိုးသားတွေမှာလည်း တာဝန်ရှိပါတယ်၊ ဒီတာဝန်ကို အမျိုးသမီးတွေချည်းဆောင်ရွက်ကြရမယ်၊ ဆောင်ရွက်သင့်တယ်လို့ ယူဆတယ်ဆိုရင် ဒီယူဆချက်က ဘယ်လိုမှ မပြည့်စုံနိုင်ဘူး။ အမျိုးသမီးတွေ လွတ်မြောက်ဖို့၊ ကမ္ဘာကြီးတခုလုံးလွတ်မြောက်ဖို့ လှုပ်ရှားဆောင်ရွက်ကြမယ့်ကိစ္စဟာ ရေရှည်မနားတမ်း ဆောင်ရွက်ကြရမယ့် ကိစ္စဖြစ်တယ်လို့ ကျနော်မြင်တယ်"ဟု အမှတ်တရစကား၌ ထည့်သွင်းပြောကြားခဲ့သည်။

NLD.LA တွဲဘက်အထွေထွေအတွင်းရေးမှူး(၁) ကိုဝင်းလှိုင်မှလည်း အမှတ်တရစကား ပြောကြားပေးပြီး WLB၏ သဘာပတိအဖွဲ့ဝင် မသူထိုက်စံမှ ဆွေးနွေးချက်အားလုံးအပေါ် နိဂုံးချုပ်ဆွေးနွေးပေးခဲ့ပါသည်။ ဤဖဲကြိုးဖြူ လှုပ်ရှားမှုကို နေရာအနှံ့အပြားတွင် နိုဝင်ဘာ (၂၅)ရက်နေ့မှ ဒီဇင်ဘာ(၁၀)ရက်နေ့အထိ (၁၆)ရက်တိုင်တိုင် လှုပ်ရှားဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရှိရသည်။

XXXXXXX

# DEETA GERMENT စက်ချုပ်ရုံမှ အလုပ်သမားများ လျော်ကြေးငွေရရှိ



ထိုင်း–မြန်မာနယ်စပ်၊ မဲဆောက်မြို့ရှိ(DEETA) စက်ချုပ်ရုံမှ လက်မှတ်ရှိအလုပ်သမားအချို့ကိုအလုပ်ရှင်မှ ပုလိပ်ခေါ်၍ဖမ်းခိုင်းရာမှ စက်ရုံရှိအလုပ်သမားများက မကျေနပ်သဖြင့်အလုပ်ရှင်အား ၎င်းတို့၏ရပိုင်ခွင့်များပေးရန် အလုပ်သမားကာကွယ်ရေးရုံးသို့ သွားရောက်တရားစွဲဆိုရာမှ လျော်ကြေးငွေ ရရှိခဲ့ခြင်းဖြစ်သည်။

မဲဆောက်မြို့ ဘန့် နှစ်ရာရပ်၊ထိုင်းတရုတ်လူမျိုး အန်နိပိုင် DEETA စက်ရုံမှ အလုပ်သမား ရမြဝနှင့် လိုင်းဝဏ္ဏာဖြစ်သူ ပေါက်ပေါက်တို့ စကားများရာ အလုပ်ရှင်မှအလုပ်သမား ရမြဝကို ပုလိပ်ခေါ်၍ဖမ်းခိုင်းရာ ဘဝတူအလုပ်သမား(၇)ဦးတို့မှ အလုပ်ရှင်၏လုပ်ရပ်ကိုမကျေနပ်သဖြင့် ရဲစခန်းသို့ လိုက်သွားပြီး ရမြဝနှင့်အတူ အဖမ်းခံခဲ့သည်။ ယင်းနေ့ တွင်အလုပ်သမား(၈)ဦးကို ရဲစခန်းမှပြန်လွှတ်ပေးခဲ့သည်။ ထို့ နောက် (၁၇–၄–၂၀၀၆) ရက်နေ့ တွင် မြန်မာလူမျိုးတို့ ၏နှစ်သစ်ကူးနေ့ ဖြစ်သောကြောင့် အလုပ်သမားများက အလုပ်မဆင်းကြသဖြင့် နောက်တစ်ရက်တွင် အလုပ်ရှင်မှ အလုပ်သမားများကို(Time Card)နှိပ်ခွင့်မပေးပဲ ပုလိပ်နှင့် တောမောကို ခေါ်၍ အလုပ်သမားခေါင်းဆောင်(၈)ဦးကို ဖမ်းဆီးစေခဲ့သည်။ အလုပ်သမားများက မကျေနပ်ကြပဲ။ ထိုအလုပ်သမား(၈)ဦးကို ဖမ်းလျှင် သူတို့ ကိုလည်း ဖမ်းဟုဆိုသဖြင့် တောမောအရာရှိမှ လိုက်ချင်တဲ့သူလိုက်ခဲ့ဟုဆိုကာ အလုပ်သမား(၁၁၅)ဦးကို တောမောရုံးသို့ ခေါ်ကာ အလုပ်သမားလက်မှတ်များကို သိမ်းဆည်းပြီး မြန်မာပြည်ဖက်ကမ်းသို့ ပို့ ဆောင်ခဲ့သည်။

၎င်းအလုပ်သမားများသည် (၂၀– ၄– ၂၀၀၆)ရက်နေ့ တွင် မြဝတီမှတစ်နေ့ စာ လက်မှတ်များ ပြုလုပ်၍ ၎င်းတို့ ၏ အခွင့်အရေး ဆုံးရှုံးနစ်နာမှုများကို ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့၏ဦးဆောင်မှုဖြင့် အလုပ်သမားအခွင့်အရေးကာကွယ်ရေးရုံးသို့ သွားရောက်တိုင်ကြားခဲ့ရာမှ အလုပ်သမား(၈၄)ဦးအတွက် ၎င်းတို့ နစ်နာကြေးငွေ တစ်ဦးလျှင်(၂၃၅၀၀)ဘတ် စုစုပေါင်း(၁၉၇၄၀၀၀)ဘတ်ကို အလုပ်ရှင်မှ (၃၀– ၁၁– ၂၀၀၇)ရက်နေ့ တွင် အလုပ်အလုပ်သမားအခွင့်အရေးကာကွယ်ရေးရုံး၌ လျော်ကြေးငွေအဖြစ် ပေးဆောင်ခဲ့သည်။

XXXXXXX

# Network For Human Ringht Documentation - Burma Seminar

နိုဝင်ဘာလ ၁၆ မှ ၂၀ ရက်နေ့ထိကျင်းပခဲ့သည့် လူ့အခွင့်အရေး အချက်အလက်စုဆောင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ နှီးနှောဖလှယ်ပွဲသို့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ ကိုယ်စားလှယ်အဖြစ် သတင်းနှင့်ပြန်ကြားရေးကော်မတီ ဒုတိယအတွင်းရေးမှူး ကိုတိုးတိုးထွန်း တက်ရောက်ခဲ့ပါသည်။ ထိုနှီးနှောဖလှယ်ပွဲတွင် ND-Burma Network အဖွဲ့ဝင်အဖွဲ့အစည်းများဖြစ်သည့် AAPPB, BI, ERI, HREIB (Facilitator), HRDU, HRUFOM, LWO, PYNG, KWAT, PWO တို့မှ တဖွဲ့ချင်းစီ၏ ရည်ရွယ်ချက်၊ သဘောထားနှင့် လုပ်ငန်းစဉ်များကို အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး မဟာမိတ်အဖွဲ့အစည်းများဖြစ်သည့် FDB, WLB, SYCB, BLC, Yoma-3, ENC တို့မှလည်း အပြန်အလှန်မိတ်ဆက်ဆွေးနွေးခြင်းများကိုပြုလုပ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အချက်အလက်များစုဆောင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို ND-Burma အဖွဲ့အနေဖြင့် ရေရှည်လုပ်ငန်းစဉ်၊ လတ်တလောလုပ်ငန်းစဉ်များချမှတ်ပြီး လူမှုလူ့အဖွဲ့အစည်းများ၊ ဥပဒေပိုင်းဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရေးအင်အားစုများနှင့် ပေါင်းစပ်၍ ပြုလုပ်သွားမည်ဖြစ်ကြောင်းကို ရှင်းလင်းတင်ပြပြီး မဟာမိတ်အဖွဲ့အစည်းများအနေဖြင့်လည်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။



XXXXXXX

# ထိုင်းဆန်းစက်ရုံ အလုပ်သမားများ လျော်ကြေးငွေရရှိ



ထိုင်းမြန်မာနယ်စပ်၊ မဲဆောက်မြို့ရှိ ထိုင်းဆန်းသိုးမွေးစက်ရုံမှ အလုပ်သမားများသည် လုပ်ငန်းခွင်အခြေအနေဆိုးဝါးမှုများနှင့် အလုပ်သမားအခွင့်ရေး နစ်နာဆုံးရှုံးနေမှုများအား အလုပ်သမားအခွင့်ရေး ကာကွယ်ရေးရုံးသို့ သွားရောက်တိုင်ကြားရာမှ လျော်ကြေးငွေရရှိခဲ့ခြင်း ဖြစ်သည်။

ထိုင်းဆန်းစက်ရုံမှ အလုပ်သမားများသည် တစ်နေ့အလုပ်ချိန် (၁၁)နာရီမှ (၁၃)နာရီအထိ အလုပ်လုပ်ရသော်လည်း လုပ်အားခနှင့် အိုတီကြေးများ ပြည့်ဝစွာမရရှိခြင်း၊ ပုံမှန်အလုပ်ပိတ်ရက်များတွင် အလုပ်လုပ်ရသော်လည်း လုပ်အားခနှစ်ဆမရရှိခြင်း စက်ရုံအတွင်း နေထိုင်စဉ်တွင်လည်း အိပ်ဆောင်များကျဉ်းကျပ်ပြီး သန့်ရှင်းမှုမရှိခြင်း၊အိမ်သာနှင့် ထမင်းစားဆောင် တစ်ဆက်တည်းရှိနေခြင်း၊ သောက်သုံးရေမသန့်ရှင်းခြင်း စသည်တို့ကို ပြုပြင်ပေးရန် အလုပ်ရှင်အား တောင်းဆိုရာ အလုပ်ရှင်မှ မလုပ်ဆောင်ပေးပဲ၊ အလုပ်သမားများကို အလုပ်မှ အကြောင်းမဲ့ထုတ်ပယ်ခဲ့သည်။ ထို့ကြောင့် အလုပ်သမားများက မိမိတို့ အခွင့်ရေးဆုံးရှုံးနစ်နာမှုများ အား တောင်းဆိုရန်အတွက် ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့၏ ဦးဆောင်မှုဖြင့် အလုပ်သမားအခွင့်ရေးကာကွယ်ရေးရုံးသို့ (၃ )လပိုင်း (၂၀၀၆)ရက်နေ့က သွားရောက် တိုင်ကြားခဲ့သည်။

အလုပ်သမားအခွင့်အရေးကာကွယ်ရေးရုံးမှ အလုပ်သမား (၁၃၉)ဦးအတွက် နစ်နာကြေးငွေ **(1872140.72)**ဘတ် ပေးဆောင်ရန် အလုပ်ရှင်အား (၄ – ၁၀ – ၂၀၀၆ )ရက်နေ့က အမိန့်ချမှတ်ခဲ့သည်။

သို့သော် အလုပ်သမားများဖက်မှ ထိုအမိန့်စာအား သဘောမတူပဲ ထပ်မံတရားစွဲဆိုရာမှ အလုပ်သမား (၁၂၉)ဦးအတွက် နစ်နာကြေးငွေ **(1162980.17)**ဘတ်ကို (၂၈ – ၁၁ – ၂၀၀၇)ရက်နေ့တွင် လျော်ကြေးငွေအဖြစ် ရရှိခဲ့ခြင်းဖြစ်သည်။

XXXXXXX

# စာရေးဆရာမကြီး လူထုဒေါ်အမာ၏ (၉၂)နှစ်ပြည့် မွေးနေ့ပွဲ ကျင်းပ

(၂၉–၁၁–၂၀၀၇)ရက်နေ့တွင် ကျရောက်သော နိုင်ငံကျော်စာရေးဆရာ/သတင်းစာဆရာမကြီး အမေလူထုဒေါ်အမာ၏ အသက်(၉၂)နှစ်ပြည့် မွေးနေ့ပွဲ အခမ်းအနားကို ဒေါင်းရင်ပြင် မြက်ခင်းပြင် တွင် ကျင်းပခဲ့ပါသည်။



ယင်းအခမ်းအနားတွင် အခမ်းအနားကျင်းပရေးကော်မတီမှ ကဗျာဆရာ ကိုလွမ်းဏီနှင့် ကဗျာဆရာ ကိုဇွန်မိုုင်းတို့မှ အခက်အခဲများကြားမှ ဤအခမ်းအနားကို ကျင်းပရခြင်းအကြောင်းနှင့် လူထုအမေမာ၏ နယ်ချဲ့ ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ၊ ငြိမ်းချမ်းရေးတိုက်ပွဲ၊ လွတ်လပ်ရေးရပြီး ကာလမှ ယနေ့ကာလအထိ အဖိနှိပ်ခံပြည်သူလူထုဘက်မှ မားမားမတ်မတ်ရပ်တည်ပြီး ဆက်လက်တိုက်ပွဲဝင်နေမှုကို အကျယ်တဝင့် ရှင်းလင်းတင်ပြသွားကြပါသည်။

ဆက်လက်၍ အမေလူထုဒေါ်အမာမွေးနေ့တွင် အမေ၏ကလောင်လက်နက် ကိုင်စွဲပြီး သမိုင်းမှတ်တိုင် ကြီးမားမှုကို ဂုဏ်ပြုသောအားဖြင့် ပြည်ပရောက် ကဗျာဆရာများနှင့် မျိုးဆက်သစ်လူငယ် စာပေဝါသနာရှင်များက ကိုယ်ပိုင်ကဗျာများနှင့်လည်းကောင်း၊ အဝေးမှနေလှမ်း၍ ဂုဏ်ပြုသောကဗျာများဖြစ်သည့် အမေမာ၏ သားအလတ်ဖြစ်သူ ကဗျာဆရာ လူထုဖိုးသံ၏ ကဗျာ၊ ဆရာအောင်ဝေး၏ ကဗျာ၊ ဆရာမောင်အောင်ပွင့်၏ ကဗျာ အစရှိသော ကဗျာအသီးသီးကို ရွတ်ဆို၍ ဂုဏ်ပြုပူဇော်ကြပါသည်။

လတ်တလော မကြာမီကမှ ဖြစ်ပွားပေါ်ပေါက်ခဲ့သော သြဂုတ်၊ စက်တင်ဘာ လူထုအရေးတော်ပုံ အတွင်းတွင်လည်း အမေမာက **“ကျနော်တို့ ငတ်နေပါတယ်ဆိုတာကို ရိုက်နှက်နေလို့တော့ တော်သလား မတော်သလား စဉ်းစားကြပေါ့”** လို့ စစ်အုပ်စု၏ အရှိုက်တည့်တည့်ထိစေသည့် စကားကို ကမ္ဘာသိ မြန်မာသိ ပြောကြားပြီး အသက် ဤမျှအိုစာလာသည့်ကြားမှ ပြည်သူလူထုနှင့်တသားတည်းရှိကြောင်း ပြသခဲ့သဖြင့် စစ်အုပ်စုမှ အမေမာ၏ ကလောင်ကို ရိုက်ချိုးရန် ကြိုးစားခြင်းများ ပြုလုပ်သည့်အပြင် ပြည်တွင်း၌ ကျင်းပနေကျ အမေ့မွေးနေ့ပွဲကိုလည်း ကျင်းပခွင့်မပြုပေ။

XXXXXXX

# ဆရာကြီးဒေါက်တာသန်းထွန်း ကွယ်လွန်ခြင်း(၂)နှစ်ပြည့် ဝမ်းနည်းခြင်းအထိမ်းအမှတ်



စာရေးဆရာမကြီး အမေ လူထုဒေါ်အမာ၏ အသက်(၉၀)ပြည့် မွေးနေ့ပွဲ ကျင်းပရာ မန္တလေးမြို့သို့ ရောက်ရှိနေစဉ် သမိုင်းပါမောက္ခ ဆရာကြီးဒေါက်တာသန်းထွန်း ရုတ်တရက်ကွယ်လွန်ခဲ့ရာ ယနေ့(၃၀၊ ၁၁၊ ၂၀၀၇)ရက်နေ့တွင် နှစ်နှစ်တင်းတင်း ပြည့်မြောက်သည့်အတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အခမ်းအနားကို ဒေါင်းရင်ပြင်မြက်ခင်းပြင်တွင် ဆရာကြီးအား ရည်စူး၍ သံဃာတော်များအား ဆွမ်းနှင့် လှူဘွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

ယင်းအခမ်းအနားသို့ အဖွဲ့အစည်းအသီးသီးမှ တက်ရောက်လာကြသော ဧည့်ပရိသတ်များကို သံဃာတော်များမှ ဆရာကြီးဒေါက်တာသန်းထွန်းအား ရည်စူးမေတ္တာပို့သပြီး ဆရာကြီး၏ သမိုင်းတာဝန်ကျေမှုကို ဂုဏ်ပြုအမှတ်တရစကားများ မိန့်ကြားခဲ့ကြပါသည်။

ဆရာကြီးဒေါက်တာသန်းထွန်းသည် တက္ကသိုလ်ကျောင်းသားဘဝတွင် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ခေါင်းဆောင်ခဲ့ဖူးသူလည်းဖြစ်ပြီး ၎င်းနောက် ဆရာကြီးသည် သမိုင်းဘာသာနှင့် ဒေါက်တာဘွဲ့ ရယူခဲ့ပြီးနောက် ကလောင်လက်နက်ဆွဲကိုင်ပြီး မြန်မာနိုင်ငံသမိုင်းဆိုင်ရာစာပေများ သုတေသနစာပေများကို ရေးသားခြင်းများအပြင် ဆရာကြီးသည် အမျိုးသားလွတ်မြောက်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး လူထုအရေးတော်ပုံကာလတလျှောက်တွင် စစ်အုပ်စုကို ပြတ်သားစွာဆန့်ကျင်ပြီး အဖိနှိပ်ခံများဘက်က အပြည့်အဝရပ်တည်ခဲ့သူဖြစ်သည်။

XXXXXXX

# ကျောင်းသားတပ်မတော် (မကဒတ) ၁၉ နှစ်မြောက်အခမ်းအနား ကျင်းပ




မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ကျောင်းသားတပ်မတော်)၏ (၁၉)နှစ်မြောက် မွေးနေ့အခမ်းအနားကို ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ဒီကနေ့ ကျင်းပခဲ့သည်။

"လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲ ကြိုးပမ်းပေါင်းစပ်ကြ"ဟု စာတမ်းရေးထိုးထားသည့် အဆိုပါ အခမ်းအနားတွင် မကြာသေးခင်က ဖြစ်ပွားခဲ့သော သံဃာတော်များဦးဆောင်သည့် စက်တင်ဘာအရေးအခင်းတွင် ကျဆုံးသွားခဲ့သော ရဟန်းရှင်လူ ပြည်သူများနှင့် ဒီမိုကရေစီတိုက်ပွဲတလျှောက်တွင် အသက်ပေးဆပ်သွားခဲ့ကြသော အာဇာနည်ရဲဘော်အပေါင်းအား ရည်စူး၍ သံဃာတော်များကို ဆွမ်းကပ်လှူဒါန်းပွဲကိုပါ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

"(မကဒတ)ဟာ လူထုတိုက်ပွဲတွေကို ဘက်ပေါင်းစုံအရှိန်မြှင့်ပြီးတော့မှ ဆက်လက်ကြိုးစားသွားမယ်ဆိုတာ ကျနော် တို့ ဒီနေရာမှာ ပြောချင်ပါတယ်။ ဒီတိုက်ပွဲ ဆက်လက်ဆင်နွဲမယ်ဆိုရင် လူထုတိုက်ပွဲကို လက်နက်ကိုင် တိုက်ပွဲအပါအဝင် တိုက်ပွဲပေါင်းစုံ ဆက်လက်တိုက်ပွဲဝင်ဖို့လိုတယ်ဆိုတာ ဒီနေရာမှာ အခိုင်အမာ ပြောလိုပါတယ်။ ဒီတိုက်ပွဲတွေထဲမှာ ပြည်သူအားလုံး၊ နိုင်ငံရေးအဖွဲ့အစည်းတွေအားလုံး ပိုင်းပိုင်းဖြတ်ဖြတ်နဲ့ ဆက်လက်တိုက်ပွဲဝင် စေချင်ပါတယ်။ ဒါကို အလေးအနက် တောင်းဆိုပါတယ်။ ကျနော်တို့အနေနဲ့ တက်တက်ကြွကြွနဲ့ ဆက်လက်တိုက်ပွဲဝင်သွားမယ်ဆိုတာကို ရဲဘော်တွေကိုယ်စား ကတိပြုပါတယ်"ဟု ကျောင်းသားတပ်မတော် ဥက္ကဋ္ဌ ရဲဘော်သံခဲက ပြောသည်။

ရှစ်လေးလုံး လူထုအရေးတော်ပုံကြီး၏ တိုက်ပွဲလိုအပ်ချက်အရ ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ (၁)ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် ကျောင်းသားတပ်မတော်သည် ယနေ့အချိန်တွင် (၁၉)နှစ်တင်းတင်း ပြည့်မြောက်ပြီး (၁၉)နှစ်တာကာလအတွင်း ကျဆုံးရဲဘော် ၃၄၄ ဦး၊ သေဆုံးရဲဘော် ၂၅၅ ဦးနှင့် ထိခိုက်ဒဏ်ရာရသူ ၃၉၅ ဦး ရှိပြီးဖြစ်ကြောင်း (မကဒတ) ဥက္ကဋ္ဌ ရဲဘော်သံခဲက ဆက်လက်ပြောဆိုသည်။

အခမ်းအနားသို့ ကေအဲန်ယူအပါအဝင် နယ်စပ်အခြေစိုက် အဖွဲ့အစည်းများနှင့် တပ်ပေါင်းစုများမှ မွေးနေ့သဝဏ်လွှာများ ပေးပို့ကြသော အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ရဲဘော်များ၊ ဒီမိုကရေစီချစ်မြတ်နိုးသူများ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ခဲ့သည်။

"ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေးများ လုံးဝဆိတ်သုဉ်းနေသည့် အခြေအနေအောက်တွင် လူထုတိုက်ပွဲကို ဘက်ပေါင်းစုံမှ ထောက်ခံပူးပေါင်းရင်း စစ်အာဏာရှင်အား လက်ကိုင်တိုက်ပွဲအပါအဝင် တိုက်ပွဲသဏ္ဌာန်ပေါင်းစုံဖြင့် တိုက်ပွဲဝင် ရေးမှာ ပကတိလိုအပ်ချက်ဖြစ်သည်ကို မြန်မာ့နိုင်ငံရေး အခြေအနေက အခိုင်အမာတောင်းဆိုနေသည်"ဟု ကျောင်းသားတပ်မတော် (၁၉)နှစ်မြောက် ထုတ်ပြန်ကြေညာချက်တွင် ရေးသားဖော်ပြသည်။

XXXXXXX

# အာဆီယံ၏ နာတာရှည်ရောဂါ

အာဆီယံပဋိညာဉ်စာချုပ်ကို နိုဝင်ဘာ(၂၀)ရက်နေ့ စင်ကာပူမှာ အာဆီယံခေါင်းဆောင်တွေ လက်မှတ်ရေးထိုးလိုက်တာကို သမိုင်းတွင်တဲ့ဖြစ်ရပ်လို့ အာဆီယံအသင်းကြေညာချက်မှာ ဖော်ပြထားပါတယ်။ ဒါပေမယ့် အသင်းဝင်တိုင်းပြည်တွေမှာ စာချုပ်ကို အတည်ပြုပြီး လက်တွေ့အကောင်အထည်ဖော်ဖို့ ကြိုးစားရဦးမှာ ဖြစ်ပါတယ်။ ရှေ့လာမယ့် ဘန်ကောက် အာဆီယံ ထိပ်သီးညီလာခံကစပြီး ပဋိညာဉ်ကို စတင်ကျင့်သုံးမယ်လို့လည်း ကြေညာထားပါတယ်။ အာဆီယံ ပဋိညာဉ်ဆိုတာ အာဆီယံရဲ့ အခြေခံဥပဒေကို အာဆီယံအသင်းကို တရားဥပဒေအရ တည်ထောင်လိုက်တာလို့ အဓိပ္ပါယ်ရပါတယ်။ အာဆီယံပဋိညာဉ်ခေါ် အခြေခံဥပဒေကို လက်မှတ်ရေးထိုးသူတွေထဲမှာ အခြေခံဥပဒေမရှိတဲ့ တိုင်းပြည်က ဝန်ကြီးချုပ်ဗိုလ်ချုပ်သိန်းစိန်လည်း ပါဝင်နေပါတယ်။ ဒီမိုကရေစီသဘောတရား၊ ဥပဒေစိုးမိုးရေး၊ ကောင်းမွန်တဲ့အုပ်ချုပ်ရေး၊ အခြေခံအခွင့်အရေးနဲ့ လူ့အခွင့်အရေးတွေကို ထိမ်းသိမ်းစောင့်ရှောက်ပါမယ့်လို့ ကတိပြုသူတွေထဲမှာ ဗိုလ်ချုပ်သိန်းစိန်လည်း ပါဝင်ပါတယ်။ ကိုယ်မလုပ်နိုင်တဲ့ကိစ္စတွေကို ဘာဖြစ်လို့ လက်မှတ်ရေးထိုးရတာလဲဆိုတာ စဉ်းစားစရာ ဖြစ်နေပါတယ်။ တကယ့်တော့ မဆန်းပါဘူး။ အာဆီယံပဋိညာဉ်ကို ဂရုမစိုက်လည်း ဘာမှမဖြစ်နိုင်လို့ လက်မှတ်ရေးထိုးလိုက်တာပေါ့။ ဗိုလ်ချုပ်သိန်းစိန်က မြန်မာ့အရေးဟာ ပြည်တွင်းရေးသာဖြစ်လို့ နအဖက ကိုင်တွယ်နိုင်ကြောင်း ကုလသမဂ္ဂက ကြားဝင်ဆောင်ရွက်တာကိုလည်း နအဖကယုံကြည်ကြောင်း ပြောပါတယ်။ အာဆီယံ ဥက္ကဌကလည်း ဒေါ်စုနဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးပြီး ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းဖို့ ထပ်မံတိုက်တွန်းလိုက်ပါတယ်။ ကုလသမဂ္ဂ ကြားဝင်ဆောင်ရွက်တာကို လက်ခံတယ်ဆိုတဲ့ နအဖဝန်ကြီးချုပ်က ကန့်ကွက်လိုက်တဲ့အတွက် ကုလသမဂ္ဂက အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ အာဆီယံအစီအစဉ်နဲ့ ညီလာခံကို လာပြီးမှ စကားပြောခွင့် မရတော့ဘူး။ အိမ်ရှင် စင်ကာပူက ဖိတ်လို့ ဂမ်ဘာရီရောက်လာတာပါ။ စိန်ကောင်း။ ကျောက်ကောင်းရောင်းဝယ်တဲ့နေရာမှာ တရုတ်တွေက ကန့်လန့်ကန့်လန့် ဖြစ်နေသလို နအဖကြောင့် အာဆီယံထိပ်သီးညီလာခံမှာ သရုပ်ပျက်မှာကို အာဆီယံခေါင်းဆောင်တွေ စိုးရိမ်နေတာ ဒီနေရာမှာ သိသာထင်ရှားနေတာပါတယ်။ အာဆီယံပဋိညာဉ် ရေးဆွဲစဉ်ကတည်းက ဖောက်ဖျက်သူကို အရေးယူဖို့ တိတိကျကျ လုပ်မထားတဲ့အတွက် နအဖက ဂရုမစိုက်တာ ဖြစ်ပါတယ်။ အာဆီယံပဋိညာဉ် ပထမမူကြမ်းရေးဆွဲစဉ်က မလိုက်နာတဲ့နိုင်ငံကို အရေးယူတဲ့အနေနဲ့ အသင်းက ထုတ်ပစ်ဖို့ အာဆီယံပညာရှင်အဖွဲ့က စဉ်းစားခဲ့ပါတယ်။ ဒါပေမယ့် မနှစ်က ထုတ်ဝေတဲ့ အာဆီယံပညာရှင်အဖွဲ့ရဲ့ ၅၅ မျက်နှာစာ အစီရင်ခံစာ စာမျက်နှာ ၁၇ မှာ ရေးထားတာကတော့ အခြေခံဥပဒေကို မလိုက်နာလို့ ထုတ်ပစ်တဲ့အထိ အရေးယူဖို့ကိစ္စကို အာဆီယံကောင်စီကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်လို့ ဖော်ပြထားပါတယ်။ ဂန်ဘာရီကို စကားပြောခွင့်ပေးဖို့တောင် မစွမ်းဆောင်နိုင်တဲ့ အာဆီယံအသင်းဟာ နအဖကို ထုတ်ဖယ်နိုင်မှာ မဟုတ်ပါဘူး။ ထိပ်သီးညီလာခံတက်ရောက်တဲ့ တစ်ဦးတည်းသော အမျိုးသမီး ဖိလစ်ပိုင်သမတ ဂလိုရီရာအာရိုယိုက အာဆီယံ ပဋိညာဉ်ကို လက်မှတ်ရေးထိုးတဲ့ နအဖအစိုးရဟာ ဒေါ်စုကို လွှတ်ပေးပြီး ဒီမိုကရေစီပြုပြင်ရေးကို လုပ်ဖို့လိုအပ်ကြောင်း ဒီလိုမှ မလုပ်ရင် အာဆီယံ ပဋိညာဉ်ကို ဖိလန်ပိုင်ကွန်ဂရက်လွှတ်တော်က အတည်ပြုဖို့ ခက်ခဲလိမ့်မယ်လို့ ပြောပြသွားပါတယ်။ တခြားအာဆီယံခေါင်းဆောင်တွေကတော့ မြန်မာ့အခြေအနေ ပုံမှန်အခြေအနေပြန် ရောက်သွားပြီလို့ ယူဆကြပါတယ်။ နအဖကို ဒဏ်ခတ်အရေးယူတာဟာ မှားယွင်းတဲ့ လုပ်ရပ် ဖြစ်တယ်လို့ အာဆီယံခေါင်းဆောင်တွေ ယူဆနေသမျှ အာဆီယံအဖွဲ့ဟာလည်း စကားရည်လုပွဲအဆင့်နဲ့ပဲ ရှိနေမယ်ဖြစ်ပါတယ်။ အာဆီယံပဋိညာဉ် လက်မှတ်ရေးထိုးလိုက်ပြီးကြားရတော့ ခေတ်သစ်ကိုပဲ ရောက်တော့မလိုလို မြင်ခဲ့ရပါတယ်။ နောက်တော့မှ အပြောတမျိုးနဲ့ အလုပ်တမျိုးလုပ်နေတုန်းပဲဆိုတာ နအဖကိစ္စမှာ ဘူးပေါ်သလိုပေါ်လာပါတော့တယ်။ နအဖဟာ ဆေးကုလို့မရတဲ့ အာဆီယံရဲ့ နာတာရှည်ရောဂါသည်ကြီးလို ဖြစ်လာပါပြီ။ မြန်မာပြည်မှာ ဒီမိုကရေစီရေးပြုပြင်မှုမလုပ်ရင် ဥရောပ–အာဆီယံ အကောက်ခွန်မဲ့ အစီအစဉ်ဟာ ဖြစ်နိုင်မှာမဟုတ်ပါဘူးလို့ ဖီလစ်ပိုင်နိုင်ငံကို ရောက်ရှိနေတဲ့ ဥရောပပါလီမန် ကိုယ်စားလှယ်အဖွဲ့က စနေနေ့က ပြောကြားသွားပါတယ်။ ဒီလိုမီးခိုးကြွက်လျှောက်ဖြစ်တတ်တဲ့ သဘာဝကို နားလည်တာမို့ ဝန်ကြီးချုပ်သိန်းစိန်ပြောသလို နအဖကို သူ့ဖာသာလွှတ်ထားလို့ မဖြစ်ဘူးလို့ အာဆီယံအတွင်းရေးမှူးချုပ် အုန်ကင်ယောင်းကလည်း စနေနေ့ကဘဲ စင်ကာပူမှာ ပြောသွားပါတယ်။ ဥရောပတိုက်သားတွေရဲ့ နအဖဆန့်ကျင်ရေးစိတ်ဓာတ်ကြောင့် ဥရောပအဖွဲ့ဟာ နအဖပါဝင်မယ့် ဆွေးနွေးပွဲတွေကို ရှေ့ဆိုင်းခဲ့တဲ့အတွက် အာဆီယံအသင်းအနေနဲ့ အများကြီးနစ်နာတယ်လို့ ဆိုပါတယ်။ အာဆီယံပဋိညာဉ် လက်မှတ်ရေးထိုးတဲ့နေ့မှာဘဲ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဟောင်း ဒေါက်တာစုရေပင်ဆူပဟာကို ရှေ့နှစ် ဇန်နဝါရီလ (၁)ရက်နေ့ကစပြီး အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် (၅)နှစ်ခန့်အပ်လိုက်ကြောင်း ကြေညာပါတယ်။ ဒေါက်တာပင်ဆူပဟာ နအဖကို ဝေဖန်ရှုံ့ချခဲ့တာကြောင့် မြန်မာ့အရေးမှာ အာဆီယံအသင်းဟာ အရင်ကထက်ပိုပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်လိမ့်မယ်လို့ ခန့်မှန်းနေကြကြောင်းပါ ခင်ဗျာ။

**ဦးအောင်ခင်**

လေလှိုင်းထဲမှ စာအုပ်စင်ကဏ္ဍ

၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့ မနက်

လွှတ်လပ်သည့်အာရှအသံမြန်မာပိုင်းအစီအစဉ်

# အစကတည်းက မဖြစ်နိုင်တဲ့ တွေ့ဆုံဆွေးနွေးရေး ပျက်ရတယ်ဆိုရင်ဖြင့်

[၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်]

တူမောင်ညို

အတိုက်အခံတွေဘက်ကပြောနေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာ (နအဖ)စစ်အစိုးရရဲ့ လမ်းပြမြေပုံအတိုင်း ဆက်သွားဖို့မဟုတ်ဘူး၊ ထို့အတူပါပဲလမ်းပြမြေပုံရောက်ရှိနေတဲ့အဆင့် (တတိယအဆင့်) ကနေ ပါဝင်လုပ်ဆောင်ဖို့လဲ မဟုတ်ပါဘူး။

ဩဂုတ်၊ စက်တင်ဘာအုံကြွမှုရဲ့ အဓိကတောင်းဆိုချက်တွေရဲ့အနှစ်သာရက (နအဖ)စစ်အစိုးရ လမ်းပြမြေပုံကို ရပ်ပစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အခြားအတိုက်အခံတွေနဲ့ တိုင်းရင်းသားအင်အားစု တွေအားလုံး ပါဝင်တွေ့ဆုံဆွေးနွေးကြဖို့သာ ဖြစ်ပါတယ်။ အခု(နအဖ)စစ်အစိုးရပြောဆိုဖေါ်ပြနေတာတွေက လမ်းပြမြေပုံကနေ တပြားသားမှ အလျှော့မပေးဘူး ဆိုတာပါပဲ။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီး ထိန်းသိမ်းထားတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့လည်း မစဉ်းစားပါဘူး။ ဆက်လက်ပြီးတော့လည်း နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးနေတော့ တွေ့ဆုံဆွေးနွေးရေးဆိုတာဟာ ဘယ်လိုဖြစ်လာနိုင်မှာလဲ၊ ဘာမှမျှော်လင့်စရာ မရှိပါဘူး။

(နအဖ)စစ်အစိုးရဟာ တကယ်တော့ အချိန်ဆွဲနေတာပါ၊ အချိန်ဆွဲပြီး လမ်းပြမြေပုံ အကောင် အထည်ဖော်နေတာဖြစ်ပါတယ်။ အာဆီယံ၊ တရုတ်၊ အိန္ဒိယ၊ အမေရိကန်၊ အီးယူ၊ ကုလသမဂ္ဂ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဆိုတာလည်း ပေါ်လွင်ပါတယ်။ ကျွန်တော်တို့ပြည်သူများအနေနဲ့လည်း ဘယ်သူ့ကိုမှ အားကိုး လို့မရပါဘူး။ ဥစ္စာရင်လို ဥစ္စာရင်ခဲ ကိုယ့်အားကိုယ်ကိုးမှဖြစ်မှာပါ။ အမေရိကန်စစ်တပ်က ဝင်တိုက်ပေးမှာကို မျှော်လင့်စိတ်ကူးယဉ် ပုံဆွဲကြည့်နေလို့လည်း အပိုပါပဲ။ ပြည်ပက စာနာမှုနဲ့ အကူအညီဆိုတာဟာ ပြည်တွင်းက တိုက်ပွဲရဲ့အရှိန်အဟုန်အပေါ်မှာ တည်မှီနေပါတယ်။ ဩဂုတ်၊ စက်တင်ဘာအုံကြွမှုကြောင့် ပြည်ပ နိုင်ငံများရဲ့ စာနာမှုနဲ့ ထောက်ထားမှု ရရှိခဲ့တာပဲ မဟုတ်ပါလား။

ဒါကြောင့် ပြည်သူလူထုထဲမှာလမ်းပြမြေပုံအဆင့်(၄)နဲ့နောင်အဆုံးအဖြတ်ပေးမယ့် တိုက်ပွဲအတွက် ရေရှည်ပြင်ဆင်တာတွေ လုပ်ထားသင့်ပါတယ်။

လမ်းပြမြေပုံအဆင့် ၄ မှာ ကုလသမဂ္ဂအကဲခတ်တွေ ဝင်ခွင့်ရရေး၊ ပြည်သူတွေ၊ တပ်မတော်သားတွေ လွတ်လပ်စွာဆန္ဒ သဘောထားဖော်ထုတ်နိုင်ရေး စတဲ့ကိစ္စတွေကိုယခုအချိန်ကတည်းက ပြည်ပလော်ဘီအုပ်စု အားလုံး တညီတညွတ်တည်းသော သဘောထားနဲ့ ပြင်ဆင်ထားဖို့ အချိန်တန်ပါပြီ။ ပြင်ဆင်သင့်ပါပြီ။

ပြည်သူလူထုနဲ့ တပ်မတော်ထဲက တိုင်းချစ်ပြည်ချစ်တပ်မှူးတပ်သားတွေဟာ လွတ်လွတ်လပ်လပ်နဲ့ ကြောက်ရွံ့စရာမရှိပဲ သူတို့ရဲ့ဆန္ဒကို လျှို့ဝှက်ဆန္ဒမဲပေးခွင့်ကျင့်သုံးပြီး ဖေါ်ပြနိုင်ခွင့်ရရင်ဒီတကြိမ်မှာလဲ (၁၉၉၀ ပြည့်၊ ရွေးကောက်ပွဲမှာကဲ့သို့) သူတို့ဆန္ဒ အစစ်အမှန်ကို ထပ်မံထုတ်ဖော်ပြသကြဦးမှာပဲလို့ ကျွန်တော် အလေး အနက်ယုံကြည်ပါတယ်။

ဒီအတွက် ပြည်တွင်းပြည်ပအင်အားစုများ ပြင်ဆင်ကြဖို့လိုပါတယ်။ အသေအချာပြင်ဆင်ဖို့လိုပါ တယ်။

ဒီလိုပြင်ဆင်တဲ့နေရာမှာ အပစ်ရပ်တိုင်းရင်းသားတွေကိုလည်း ချန်မထားမိဖို့နဲ့ (နအဖ)စစ်အစိုးရဖက် တွန်းပို့လိုက်တာ မျိုးမလုပ်မိဖို့လိုပါတယ်။ ဩဂုတ်၊ စက်တင်ဘာအုံကြွမှုနဲ့ပတ်သက်ပြီး သူတို့တင်ပြတဲ့ သဘော ထားတွေကို အသိအမှတ်ပြုဖို့လိုပါတယ်။ ခွဲခြားမှုမရှိပဲ 'သူတို့ကျောခိုင်းကြလေပြီ' လို့ လုံးထွေးမပစ်မိဖို့လိုပါ တယ်။ (နအဖ)စစ်အစိုးရကို ဆန့်ကျင်တဲ့ အင်အားစုမှန်သမျှနဲ့ စည်းလုံးနိုင်ဖို့ဖြစ်ပါတယ်။

တကယ်တော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က (နအဖ)စစ်စိုးရကျင်းပခဲ့တဲ့ (ကျိုက္ကဆံ/ညောင်နှစ်ပင်) ညီလာခံကို လက်မခံလို့ အစောကြီးကထဲက ထွက်လာခဲ့တာပါ။ ပထမအကြိမ်(ကျိုက္ကဆံ)ညီလာခံ ကနေထွက်

လာခဲ့တာမှာလဲ အဲဒီတုန်းက (နဝတ)စစ်အစိုးရက တစ်ဖက်သတ်အနိုင်ကျင့်ချမှတ်ထားတဲ့ ဦးတည်ချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေကို လက်မခံနိုင်လို့ ထွက်လာခဲ့တာပါ။

၂၀၀၄ ခုနှစ် (ညောင်နှစ်ပင်ညီလာခံ)ကို စတင်ကျင်းပတော့လည်း ညှိနှိုင်းနိုင်မယ်၊ ဆွေးနွေးနိုင်မယ်ထင်လို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က အနိမ့်ဆုံးလိုအပ်ချက်တွေ တင်ပြကမ်းလှမ်းခဲ့တာပါ။ ဒါပေမယ့် (နအဖ)စစ်အစိုးရက မလိုက်လျောခဲ့ပါဘူး။

အခုလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တင်ပြနေတာတွေဟာ (နအဖ)စစ်အစိုးရသွားနေတဲ့ လမ်းပြမြေပုံမှာ ရတဲ့နေရာ၊ ရတဲ့အဆင့်က ပါဝင်လုပ်ဆောင်ဖို့ အသနားခံနေတာ မဟုတ်ပါဘူး။

ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရမယ်။ ကိစ္စတိုင်းကို တစ်ဖတ်သတ်ကြိုတင်သတ်မှတ်ထားတာ မလုပ်ပဲ။ ကိစ္စတိုင်းကို ဆွေးနွေးညှိနှိုင်းချမှတ်ရမယ်(Subject to discuss)၊ ဆွေးနွေးသည့်အဆင့်တိုင်းတွင် ဒေါ်အောင်ဆန်းစုကြည် ပါဝင်ရမယ်လို့ အတိအလင်း ပြောဆိုထားတာ ဖြစ်ပါတယ်။

အခုလက်ရှိ(နအဖ)စစ်အစိုးရရဲ့ ကြေညာချက် (၁/၂၀၀၇)က အစ၊ ကြံ့ဖွံ့သင်းလုံးကျွတ်အစည်းဝေး(၂၀၀၇)တွင် ပြောသည့် (နအဖ) ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ခွန်း အလယ်၊ စက်ဘုပ္ပမှာပြောတဲ့ ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန် မိန့်ခွန်းအဆုံး အားလုံးကို လေ့လာသုံးသပ်ကြည့်တဲ့အခါ (နအဖ)စစ်အစိုးရပြောနေတဲ့ 'တွေ့ဆုံဆွေးနွေးရေး' ဆိုတာဟာ သူတို့သဘောနဲ့ သူတို့တစ်ဖက်သတ်ချမှတ်ထားတဲ့ လမ်းပြမြေပုံမှာ ကျန်တဲ့သူတွေက ခေါင်းငုံ့ဒူးထောက်ပြီး ပါဝင်ပူးပေါင်းဆောင်ရွက်ဖို့ပဲဖြစ်ပါတယ်။

ဒီလိုပါဝင်ပူးပေါင်းဆောင်ရွက်တယ်ဆိုတဲ့ နေရာမှာတောင်မှ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ 'ပိတ်လေးပိတ်' ကို စွန့်လွှတ်ကြောင်း အရင်ဆုံးကြေညာရမယ်လို့ ဆိုပါတယ်။ ဒါမှသာ 'သူမနဲ့ တွေ့ဆုံမည်' လို့ ဆိုပါတယ်။

ဒါ့အပြင် ကုလသမဂ္ဂနဲ့ အိမ်နီးချင်းနဲ့ နိုင်ငံတကာကို သူတို့ပြောတဲ့စကားက ရှင်းပါတယ် 'မူဝါဒလမ်းစဉ်(၇)ရပ်ကို ထိ ခိုက်မှုရှိ/မရှိ စဉ်းစားပြီး ထိခိုက်မှုမရှိမှ လက်ခံအကောင် အထည်ပေါ်သွားမည်တဲ့'။

ဒါကလည်း ခင်ဗျားတို့နိုင်ငံတကာ အသိုင်းအဝိုင်းက ဘာပဲပြောနေနေ ကျုပ်တို့(နအဖ)စစ်အစိုးရကတော့ ငါ့မြင်းငါစိုင်းမယ်ဆိုတာပဲဖြစ်ပါတယ်။ ဘယ်သူ့အကြံပြုချက်မှ လက်ခံမည်မဟုတ်။ တစ်ခုတည်းသောနည်းလမ်းဖြစ်တဲ့ လမ်းပြမြေပုံအတိုင်းသွားမယ်ဆိုတာပဲဖြစ်ပါတယ်။

ဒါတွေကြောင့် 'တွေ့ဆုံဆွေးနွေးရေး' ဆိုတာ ယခုလက်ရှိတည်ရှိနေတဲ့ အခြေအနေအောက်မှာ၊ (နအဖ)စစ်အစိုးရ ကပြောနေတဲ့ သဘောထားတွေနဲ့ဆိုရင် ဘယ်လိုနည်းနဲ့မှ ဖြစ်လာနိုင်စရာမရှိပါဘူး။ ဒါကြောင့် အချိန်ဆွဲဖို့နဲ့ လှည့်စားဖို့သက်သက် (နအဖ)စစ်အစိုးရက တင်ပြထားတဲ့ 'တွေ့ဆုံဆွေးနွေးရေး' ဆိုတာကို 'တည်' ပြီး ပြည်တွင်းပြည်ပမှာ ဘာလို့ ကျွန်တော်တို့အငြင်းပွား နေကြမှာလဲ။

လမ်းပြမြေပုံအဆင့် ၄ မှာ ပြည်သူတွေနဲ့ တပ်မတော်ထဲက တပ်မှူးတပ်သားတွေအနေနဲ့ (နအဖ)စစ်အစိုးရကို မှတ်လောက်သားလောက် ဆုံးမနိုင်ဖို့ ယခုကတည်းက စည်းရုံးပြင်ဆင်ဆောင်ရွက်ကြပါစို့။

ဒါကြောင့် အစကတည်းကမဖြစ်နိုင်တဲ့ 'တွေ့ဆုံဆွေးနွေးရေး' ပျက်ရတယ်ဆိုရင်ဖြင့်လည်း အဓိကလက်သည် တရားခံဟာ (နအဖ)စစ်အစိုးရသာလျှင် ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ခေါင်းမာမှုကြောင့်လည်း မဟုတ်ပါ။

ကုလသမဂ္ဂကြောင့်လည်း မဟုတ်ပါ။

မစ္စတာဂမ်ဘာရီကြောင့်လည်း မဟုတ်ပါ။

XXXXXXX

**မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ မဟာဗျူဟာလုပ်ငန်းစဉ် ရည်မှန်းချက်(၄)ရပ်-**

**(၁) မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအား ကျစ်လစ်ခိုင်မာပြီး စွမ်းဆောင်ရည်မြင့်သော နိုင်ငံရေးအင်အားစုတစ်ရပ်အဖြစ် စုစည်းတည်ဆောက်သွားရန်၊**

**(၂) ဒီမိုကရေစီတိုက်ပွဲဝင်အင်အားစုများအတွင်း မဟာဗျူဟာညှိနှိုင်းဆက်စပ်လုပ် ဆောင်မှုများ ဆောင်ရွက်သွားရန်၊**

**(၃) လူထုတိုက်ပွဲများ ပေါ်ပေါက်လာရေးအတွက် ဦးတည်ကြိုးပမ်းသွားရန်၊**

**(၄) ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဝန်းအဝိုင်းမှ ဟန်ချက်ညီစုပေါင်းအားထုတ်မှုများဖြင့် မြန်မာပြည်အရေး၌ ထိထိရောက်ရောက် ပါဝင်ဖြေရှင်းလာစေရေးအတွက် ကြိုးပမ်းသွားရန်၊**

# နအဖရဲ့ ရှေ့ခြေလှမ်းကို ရိုက်ချိုးဖို့ပြင်ကြစို့

မြသ

ဒီတခါ အာစီယံမှာ နအဖတုံးကျော်သွားတာလား။ သက်ပြင်းချနိုင်သွားသလား။

ဒါဆွေးနွေးစရာ၊ ငြင်းခုံစရာဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ တကယ်တော့ ဒီအစည်းအဝေးက ရလဒ်ဟာ ဘာကြီးပဲဖြစ်နေနေ ဗမာပြည်ပြည်သူတွေအတွက်၊ အထူးသဖြင့် စစ်အာဏာရှင်စနစ်ဖယ်ရှားရေးအတွက် သိပ်ပြီးအရေးမပါ ပါဘူး။ နအဖကို နိုင်ငံတကာအသိုင်းအဝိုင်း အလယ်မှာ သိက္ခာချနိုင်တာကလွဲလို့ သိပ်အရေးပါ ထိရောက်တာမဟုတ်ဘူး။ အဲဒီမှာ ဘာပဲဆုံးဖြတ်၊ ဆုံးဖြတ် နအဖက ဂရုမစိုက်တာသေချာတယ်။ သံတမာန်ရေး ရာနဲ့ နိုင်ငံတကာဆက်ဆံရေးအပိုင်းကို နအဖအစိုးရက နကမ္ပတိ လုပ်ထားရတာကြာပြီ။ ဂမ်ဘာရီနဲ့ ပီညဲရိုးတို့ အပေါ် ဆက်ဆံပြနေပုံတွေဟာ ကုလသမဂ္ဂနဲ့ အိုင်အယ်လ်အိုကိုတောင် ဂရုမစိုက်ဘူးလို့ ပြောနေတာဖြစ်တယ်။ နောက်ပြီး ဂမ်ဘာရီရဲ့ လှုပ်ရှားမှုကို တရုတ်နဲ့ အိန္ဒိယတို့က ထောက်ခံထားတယ်ဆိုတာလည်း သူတို့ မသိတာ မဟုတ်ဘူး။ နအဖဟာ ဒီနယ်ပယ်မှာ သန်းခေါင်ထက်ညဉ့်မနက်ဘူးလို့ တွက်ထားပြီးဖြစ်တယ်။ သူတို့မှာ လိမ္မာ ထိရောက်တဲ့ သံတမာန်ရေးလှုပ်ရှားမှု ပြုလုပ်နိုင်စွမ်းမရှိတော့တာကြာပြီပဲ။ နပေနကတ်လို တုတ်တောင်းနေတာ ဖြစ်တယ်လို့ ပြောရင်ရမယ်။ အဲဒီတုတ်ချက်လောက်ကိုတော့ စစ်ဗိုလ်ချုပ်တွေက မမှုဘူးလုပ်နေကြတယ်။

ပြီးခဲ့တဲ့စက်တင်ဘာ သံဃာ့အရေးအခင်းကြီးက ရှင်းရှင်းလင်းလင်းပြသလိုက်တဲ့ အချက်တချက်ကတော့ နအဖ တကယ်ကြောက်တာ၊ သူတို့ကို တကယ်ကိုင်လှုပ်နိုင်တာဟာ ပြည်တွင်းက ပြည်သူတွေရဲ့အုံကြွမှုသာဖြစ် တယ်ဆိုတာပဲ။ သူတို့တတွေ အခုထက်ထိ အရေးအခင်းရဲ့ ကျိန်စာကတော့ မလွတ်နိုင်သေးဘူးဆိုတာ အဘက် ဘက်မှာ အထင်အရှားတွေ့နေရတယ်။ အခုထက်ထိ လူတွေကို လိုက်ရှာဖမ်းဆီးနေတာဟာ၊ နယ်ပယ်ပေါင်းစုံမှာ ဆင်ဆာအမျိုးမျိုးလုပ်နေတာ စတာတွေဟာ သူတို့ စိုးရိမ်ထိတ်လန့်နေတုန်းပဲ ဆိုတာကိုပြတာဖြစ်တယ်။ နအဖ အဖို့ ငြိမ်းအဖွဲ့တွေအပေါ် မီးမသေလှဘူးဆိုတာလည်း သူခြေတလှမ်း လှမ်းတိုင်း တွေ့နေရတယ်။ တချို့အဖွဲ့ဟာ ဆိုရင် စစ်အစိုးရက လုပ်ခိုင်းသမျှကို ဆန့်ကျင်နေတဲ့သဘောမျိုးတောင် တွေ့လာနေရပြီ။ သူတို့ချင်းထိပ်တိုက် တွေ့မှာကို ရှောင်ဖို့ကြိုးစားလို့ရပါအုန်းမလား ဆိုတာတောင်မှ တွေးစရာဖြစ်လာနေတယ်။ နိုဝင်ဘာလ ၂၄ရက် နေ့က ကေအိုင်အေစခန်းကို သိမ်းတာကိုထောက်ရင် နအဖက သူတို့အပေါ်မှာ စစ်ရေးအရကိုပဲ စပြီးဖိအားပေး လာနေပြီဆိုတာ သေချာတယ်။

ဒီလိုအနေအထားမှာ ပြည်တွင်းက ဆန့်ကျင်မှုကိုသာ တကယ်လန့်သူဖြစ်တဲ့ နအဖဟာ သူ့တပ်တွင်းက တုန့်ပြန်မှုကို အဓိကထားကြည့်နေတယ်။ တပ်ဟာ သူတို့ထင်သလို ခိုင်းလို့ရမရဆိုတာနဲ့ အခြေအနေတွေနဲ့ သူတို့ဆက်ပြီး အုပ်စိုးလို့ ရမရဆိုတာကို သုံးသပ်တာပါ။ အခုတလောလေးမှာပဲ တပ်ထိပ်ပိုင်းမှာ နေရာတွေ၊ ရာထူးတွေခွဲတမ်းချ ဝေခြမ်းပြီးတဲ့နောက် သူတို့ကိုယ် သူတို့အတော် စိတ်ချသွားဟန်တူတယ်။ ဒါကြောင့် ဗိုလ်သန်းရွှေရဲ့ကြံ့ဖွတ်တွေကို ပြောတဲ့မိန့်ခွန်းမှာ သူ့ကိုယ်သူ အတော်ယုံကြည်မှုရှိတဲ့ လေသံတွေ ပါနေတာဖြစ် တယ်။

ဘယ်အခမ်းအနားမှာပဲဖြစ်ဖြစ်၊ ဘယ်ပြည်ပခေါင်းဆောင်နဲ့တွေ့ရာမှာပဲဖြစ်ဖြစ်၊ နအဖက တိုင်းပြည် အခြေအနေ တည်ငြိမ်နေပါတယ်လို့ ပြောနေတာဟာ သူ့တပ်ကိုသူ ပိုင်တယ်လို့ ယူဆပြီး ပြောနေတာသာဖြစ် တယ်။ သူတို့ပြောတိုင်းမှာ တိုင်းပြည်အခြေအနေတည်ငြိမ်တယ်၊ သူတို့ရဲ့လမ်းပြမြေပုံအတိုင်း ဆက်လုပ်မယ်ဆို တာ အမြဲပါတယ်ဆိုတာ သတိထားမိစရာပဲ။ ဒါတွေက ပြနေတာကတော့ နအဖအနေနဲ့ လမ်းပြမြေပုံရဲ့ အဆင့် လေးကို မဖြစ်မနေလုပ်တော့မယ်ဆိုတာပဲ။

နအဖဟာ ဘာကြောင့်မို့ ဒီဆန္ဒခံယူပွဲဆိုတဲ့ အဆင့်လေးကို အင်မတန်စိတ်ထက်သန်နေရတာလဲ။ သေချာတာက သူတို့ အစီအစဉ်အတိုင်းသာ ဆန္ဒခံယူပွဲလုပ်နိုင်မယ်ဆိုရင် သူတို့အနေနဲ့ ထောက်ခံမဲ ၁၀၅ ရာခိုင်နှုန်းတောင် ရအောင်လုပ်နိုင်တယ်ဆိုတာ ဘာမှသံသယရှိစရာမလိုဘူး။ သူတို့ပြချင်တဲ့ ကိန်းဂဏန်းကို

ပြလို့ရအောင်လုပ်နိုင်တယ်။ ၁၉၇၄ ခုနှစ်တုန်းက ဗိုလ်နေဝင်းလုပ်ခဲ့တာနဲ့ တလောက ပါကစ္စတန်က စစ်အာဏာရှင် မူရှာရပ်ဖ် လုပ်ပြသွားတာတွေကိုပဲ ကြည့်တော့။

တကယ်က နအဖ အခုလုပ်နေပြောနေတာတွေမှန်သမျှဟာ တခုမှ မျက်စိလည်စရာမရှိဘူး။ အင်မတန်ရှင်းနေတာတွေမို့ အတိုက်အခံတွေအကြားမှာ ဘာမှအငြင်းမပွားကြဘူး။ နအဖအလိုတော်ရိတွေတောင်မှ အသံမထွက်ကြဘူး။ (သူတို့ကို နအဖက ပါးစပ်ပိတ်ခိုင်းထားလို့လည်း ဖြစ်ကောင်းဖြစ်မယ်)။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်အောင်ကြည် စကားပြောတယ်ဆိုတဲ့ လုပ်ဇာတ်ဟာလည်း ဒေါ်အောင်ဆန်းစုကြည်ကို မဖေဒါ ရေခပ်ခိုင်းသလို လုပ်ထားတာဖြစ်တယ်ဆိုတာကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်မပြောနဲ့ သာမန်လူထုတောင် သိတယ်။

ဒီတော့ အတိုက်အခံတွေ၊ အထူးသဖြင့် မြေအောက်လုပ်ငန်းလုပ်နေသူတွေဟာ အဲဒီ လမ်းပြမြေပုံ အဆင့်လေးလုပ်လာမှာအတွက် အခုကတည်းက စဉ်းစားပြင်ဆင်တာတွေ လုပ်သင့်တယ်။ အာဏာရှိတဲ့လူနဲ့ မရှိတဲ့လူနဲ့ တူတာမဟုတ်ဘူး။ အာဏာရှိတဲ့ လူက လုပ်ချင်ရင် မြန်တယ်။ အချိန်ဆိုတာကလည်း ကုန်မှန်းမသိ ကုန်သွားတတ်တယ်။ ပြီးခဲ့တဲ့ သံဃာ့အရေးအခင်းကြီးတုန်းက ကိုယ်က နောက်ကလိုက်ရတာမျိုးဖြစ်ခဲ့ကြတယ် မဟုတ်လား။

ပြီးခဲ့တဲ့ သံဃာ့အရေးအခင်းကြီးကို ပြန်ပြီးသုံးသပ်၊ နိဂုံးချုပ်ပြီးရှေ့လုပ်စရာတွေ ချမှတ်သင့်ကြပြီ။ ဒါကို ပါဝင်လှုပ်ရှားခဲ့သူတွေက အဓိကလုပ်သင့်တယ်။ ဘာဖြစ်လို့ ဒီရေလှိုင်းလုံးတွေလို ဖိုးစားကြီးပေါ်ပေါက်လာသလဲ။ ဘာဖြစ်လို့ တုံးတိပြတ်တောက်သွားရသလဲ။ နအဖ တကယ်လန့်တာဘာလဲ။ သူ့တပ်တွင်းကို ဘယ်လို ဂယက်ရိုက်ခဲ့သလဲ စတာတွေကို ကိုယ်ဖြစ်စေချင်တာ၊ ကိုယ့်ဆန္ဒအစွဲမပါပဲ သေသေချာချာ သုံးသပ်သင့်တယ်။

အဲဒီကနေ ဘယ်လိုတိုက်ပွဲပုံစံတွေ ကျင့်သုံးလို့ရမလဲ၊ ကျင့်သုံးရင်ကောင်းမလဲ စတာတွေကိုလည်း သုံးသပ်၊ ဆုံးဖြတ်သင့်ပြီ။ ပြီးရင် ပြင်ဆင်ရမယ်။ ဒီတိုင်းပြည်မှာက ဘယ်သူကပဲဖြစ်ဖြစ်၊ ဘယ်အချိန်မှာပဲဖြစ်ဖြစ်၊ ဘယ်ပုံစံနဲ့ဖြစ်ဖြစ် ဒီနအဖစစ်ဗိုလ်တွေကို ဆန့်ကျင်ဆန္ဒပြတယ်ဆိုတာ တရားတာမှန်တာချည်းပဲ၊ ထောက်ခံရမှာချည်းပဲ။ ဒါကြောင့် ဒါမျိုးဟာ အချိန်မရွေးပေါ်ပေါက်လာနိုင်တယ်။

ကိုယ့်ဘက်က ပြင်ဆင်မှုမရှိပဲ တိုက်ရတယ်ဆိုတာမျိုး မဖြစ်ရင်အကောင်းဆုံးပဲ။

မဩ

XXXXXXX

ယခင်အပတ်သတင်းလွှာများကို
အောက်ပါအင်တာနက်စာမျက်နှာများတွင် ရယူဖတ်ရှုနိုင်ပါသည်
www.abfsu.net
www.absdf8888.org
www.dpns.org
www.yoma3.org

Forum for Democracy in Burma
PO Box 83, Mae Sod
Tak 63110
Thailand
Email: democraticforum@csloxinfo.com
Website: http://www.democraticforumburma.org.

# တလတွင်း သတင်းမှတ်စု

## မြန်မာ

- အာဏာပိုင်များ၏ ဖမ်းဆီးမည့်အရေးမှ တိမ်းရှောင်နေရင်း ဖမ်းဆီးခံခဲ့ရသည့် ၈၈မျိုးဆက်ကျောင်းသူ မမီးမီး၏ကျန်းမာရေးအတွက် အထူးစိုးရိမ်ကြောင်း ခင်ပွန်းသည် ကိုလှမိုးက ပြောသည်။ (DVB 011107)
- စစ်အုပ်စုပြုတ်ကျရေးနှင့် စစ်မှန်သည့်ဒီမိုကရေစီရရှိရေးအတွက် လူထုတိုက်ပွဲနှင့်လက်နက်ကိုင်တိုက်ပွဲ ပေါင်းစပ်တိုက်ပွဲဝင် ကြရန် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးက တိုက်တွန်းနှိုးဆော်လိုက်သည်။ (DVB 011107)
- ပခုက္ကူမြို့ အရှေ့အလယ်တိုက်၊ အနောက်တိုက်နှင့် ဗေယဓိမဏ္ဍိုင်ကျောင်းတိုက်တို့မှ ဂေါပကများကို ခေါ်ယူပြီး ဆန္ဒပြပွဲများ ထပ် မလုပ်ရေး သံဃာတော်များကို လျှောက်ထားရန် အာဏာပိုင်များက ယမန်နေ့က ခေါ်ယူပြောဆိုခဲ့သည်။ (DVB 011107)
- စစ်ရေးချုပ်ရာထူးနေရာတွင် နအဖတိုင်းမှူး ဗိုလ်ချုပ်သူရမြင့် အောင်အားလည်းကောင်း၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ကြည်း၊ ရေ၊ လေ နေရာတွင် ကထစ(၄)မှူး ဒုဗိုလ်ချုပ်ကြီး မောင်ဘို အားလည်းကောင်း၊ ကထစ(၄)မှူးနေရာတွင် နမခ တိုင်းမှူး ဗိုလ်ချုပ်သာအေးအားလည်းကောင်း၊ ကထစ(၆)မှူးနေရာတွင် လပခတိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်အားလည်းကောင်း၊ လပခတိုင်းမှူးနေရာတွင် ကကကြည်းမှ စစ်ဦးစီးအရာရှိ ဗိုလ်ချုပ်တင်ငွေအား လည်းကောင်း အသီးသီးပြောင်းလဲ ခန့်အပ်လိုက်သည်။ (DVB 021107)
- မိုးကုတ်မြို့တွင် ယနေ့နေ့လည်(၁)နာရီခန့်မှစ၍ သံဃာတော်အပါး(၁၀၀)ခန့်သည် ငြိမ်းချမ်းစွာလမ်းလျှောက်မေတ္တာပို့ ဆုတောင်းခဲ့သည်။ (DVB 031107)
- ဖမ်းဆီးခံနေရသည့် ကိုမင်းကိုနိုင်အပါအဝင် ၈၈မျိုးဆက်ကျောင်းသားများကို မိသားစုဝင်များက ယမန်နေ့စ၍ ပထမဦးဆုံးအကြိမ် ပါဆယ်ပစ္စည်း ပေးခွင့်ရခဲ့ကြောင်း သိရသည်။ (DVB 031107)
- သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ထမ်းအားလုံးကို စစ်အုပ်စုကိုထောက်ခံကြောင်း လက်မှတ်များ အတင်းရေးထိုးခိုင်းနေသည်ဟု အမည်မဖော်လိုသော အရာရှိကြီးတစ်ဦးက ပြောသည်။ (DVB 041107)
- ယနေ့ နေ့လည်ပိုင်းတွင် ဗိုလ်အောင်ကျော်လမ်းပေါ်၌ ကျောင်းသားတချို့ ဦးဆောင်ပြီး ပိုစတာများကိုင်ဆောင်၍ ကြွေးကြော်သံများ အော်ဟစ်သည့် ကျောင်းသားဆန္ဒပြပွဲတစ်ခုဖြစ်ခဲ့သည်။ (DVB 081107)
- ဆန္ဒပြပွဲများနှင့်ပတ်သက်၍ ဖမ်းဆီးထားသူ (၉၁)ဦးသာကျန်ပြီး တည်ဆဲဥပဒေအရ ဆက်လက်ဆောင်ရွက်နေသည်ဟု ယမန်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားသည်။ (DVB 081107)
- ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ဆရာတော်ကြီးအပေါ် အကြည်အညိုပျက်ပြီး ကျောင်းတိုက်ကသံဃာများကို ဆွမ်းလောင်း လှူခြင်းများ မလုပ်ကြဟု သိရသည်။ (DVB 091107)
- ဒေါ်အောင်ဆန်းစုကြည်နှင့် အဲန်အယ်ဒီ ဗဟိုအလုပ်အမှုဆောင် (၃)ဦး ယနေ့ မွန်းလွဲ (၁)နာရီခွဲမှ (၂)နာရီခွဲအထိ နအဖဧည့် ဂေဟာတစ်ခုတွင် တွေ့ဆုံပြီး ဆွေးနွေးပွဲစတင်မည့်ရက်နှင့် အဓိကအချက်များကို ကြိုတင်ညှိနှိုင်းခဲ့သည်။(DVB 091107)
- မစ္စတာ Ibrahim Gambari မှတဆင့် ထုတ်ပြန်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ကြေညာချက်အပေါ် အဲန်အယ်ဒီက အပြည့်အဝထောက်ခံကြောင်း ယနေ့ ကြေညာချက်ထုတ်ပြန်သည်။ (DVB / RFA 121107)
- ယနေ့မြရိပ်ညိုရှိုင်ရယ်ဖောဟ်တယ်တွင် အာဏာပိုင်များစိုက်ထူထားသည့် အမေရိကန်ဆန့်ကျင်ရေး ဆိုင်းဘုတ်အောက်၌ "တရုတ်အားကိုး ခွေးသူခိုး၊ လူသတ်ဝါဒီများကို ဆန့်ကျင်ကြ" ဆိုသည့် စစ်အစိုးရဆန့်ကျင်စာကပ်ရန် သွားစဉ် NLD လူငယ်ခေါင်းဆောင် မစုစုနွေးအပါအဝင် အဖွဲ့ချုပ်လူငယ် ကိုဘိုဘိုဝင်းလှိုင်နှင့် ဌားစီးလာသည့် တက္ကစီကားသမား ဦးခင်စိုးတို့ (၃)ဦး ဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။ (Irrawaddy 131107)
- သံဃာတပ်ပေါင်းစုခေါင်းဆောင် အရှင်ဂမ္ဘီရကို မန္တလေးတိုင်း စဉ့်ကိုင်းမြို့တွင် ယခုလ(၄)ရက်နေ့က အာဏာပိုင်များက ဖမ်းဆီးသွားသည်။ (DVB 131107)
- Ibrahim Gambari နှင့်တွေ့ဆုံမှု၊ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံမှု၊ ဆက်ဆံရေးဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်နှင့် တွေ့ဆုံမှုအပါအဝင် နောက်ဆုံးဖြစ် ပေါ်တိုးတက်မှု နိုင်ငံရေးအခြေအနေများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့ လွှတ်တော် ကိုယ်စားပြုကော်မတီအား ယနေ့ ရှင်းပြခဲ့သည်။ (DVB 131107)
- နအဖပိုင်သတင်းစာမျက်နှာဖုံးများတွင် ဖော်ပြထားသည့် ပအိုဝ်းတိုင်းရင်းသား အဖွဲ့အစည်း(၂)ခု၏ ကြေညာချက်သည် ဒေါ်အောင်ဆန်းစုကြည်၏ တိုင်းရင်းသားများအပေါ်ထားသည့် သဘောထား ကြေညာချက်အပေါ် အဓိပ္ပါယ် ကောက်လွဲခြင်းဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တုန့်ပြန် ပြောဆိုလိုက်သည်။ (RFA 141107)
- အရှင်ဂမ္ဘီရကို ဖမ်းဆီးလိုက်သည်မှာ သံဃာထုကို စိန်ခေါ်လိုက်ခြင်းဖြစ်သည့်အတွက် သံဃာထု၏လက်တုန့်ပြန်မှုကို မလွဲမသွေခံရမည်ဖြစ်ကြောင်း သံဃာ့တပ်ပေါင်းစုက ကြေညာချက်ထုတ်ပြန်လိုက်သည်။ (RFA 141107)
- ဖမ်းဆီးခံထားရသည့် ဒေါ်ဝင်းမြမြကို မိသားစုဝင်များက ယနေ့ ပါဆယ် ပေးခွင့်ရရှိခဲ့ကြောင်း သိရသည်။ (DVB 151107)
- ဗိုလ်မှူးချုပ်ခင်အောင်မြင့်သည် တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ အပစ်ရပ်ထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုတွေ့ဆုံပြီး ဒေါ်အောင်ဆန်းစုကြည်၏ တိုင်းရင်းသားလူမျိုးများ အရေးနှင့်ပတ်သက်သည့် ကြေညာချက်ပါ စာသားများကို ကန့်ကွက်သည့်ကြေညာချက်တွင် လက်မှတ်အတင်း ရေးထိုးခိုင်းနေသည်။ (RFA 151107)

- နအဖစစ်အစိုးရအပေါ် ဝိနည်းတော်နှင့်အညီ ဆက်လက်သပိတ်မှောက်ကံဆောင်သွားကြရန် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးက ယနေ့ ကြေညာချက်ထုတ်ပြန် တိုက်တွန်းလိုက်သည်။ (DVB 181107)
- ရန်ကုန် မြရိပ်ညို ဟော်တယ်တွင် ပြုလုပ်သည့် စင်မြင့်ဖြေဖျော်ပွဲ၌ အဆိုတော်ဂျီတုံးသည် ကျောကုန်းတွင် လက်အုပ်ချီထားသည့် ဆေးမှင်ကြောင်ပုံကို စင်ပေါ်တွင် အင်္ကျီချွတ် ကပြခဲ့၍ အာဏာပိုင်များက ဖမ်းဆီးခဲ့သည့်အတွက် ရုတ်ရုတ်သဲသဲ ဖြစ်ပွါးခဲ့သည်။ (DVB 181107)
- မြန်မာစစ်အစိုးရ၏လမ်းပြမြေပုံကို လက်မခံကြရန်နှင့် စစ်အစိုးရကို ထိရောက်သည့် အရေးယူဖိအားပေးမှုများပြုလုပ်ရန် အာဆီယံ ခေါင်းဆောင်များကို ၈၈မျိုးဆက်ကျောင်းသားများအဖွဲ့က ယနေ့ စာပေးပို့တောင်းဆိုလိုက်သည်။ (DVB 191107)
- နအဖအနေဖြင့် တွေ့ဆုံဆွေးနွေးရေးအပေါ် သဘောထားမှန်ရန်လိုအပ်ကြောင်း အပစ်အခတ်ရပ်စဲထားသည့် မွန်ပြည်သစ်ပါတီမှ ပြောခွင့်ရပုဂ္ဂိုလ် နိုင်အောင်မင်းက ပြောဆိုလိုက်သည်။ (DVB 191107)
- ဒေါ်ဗအောင်ဆန်းစုကြည်နှင့် NLD ဗဟိုအလုပ်အမှုဆောင်များ တွေ့ဆုံသည့်သတင်းနှင့်ဓါတ်ပုံကို ဂျာနယ်မျက်နှာဖုံးတွင် ဖေါ်ပြခဲ့သည့် အတွက် အပတ်စဉ် ထုတ်ဝေနေသည့် News Watch စောင့်ကြည့်ဂျာနယ်ကို နအဖစာပေစီစစ်ရေးက ထုတ်ဝေခွင့်တစ်ပတ် ပိတ်ပင်လိုက်သည်။ (NEJ 211107)
- အဆိုတော် ဂျီတုံးပါဝင်သည့် ရန်ကုန်မြို့မှ ဆိုက်ကလုံး တေးဂီတအဖွဲ့ကို ဂီတအစည်းအရုံးက စင်မြင့်ဖျော်ဖြေပွဲ တစ်နှစ်ပိတ် ပင်လိုက်သည်။ (DVB 221107)
- စစ်အစိုးရက လိုက်လံဖမ်းဆီးနေသည့်အတွက် ထိုင်း–မြန်မာနယ်စပ်သို့ ထွက်လာရခြင်းဖြစ်သည်ဟု ကဗျာဆရာအောင်ဝေးက ပြောသည်။(DVB 231107)
- ဒီမိုကရေစီနှင့် လူ့အခွင့်အရေးလှုပ်ရှားသူ မြန်မာအမျိုးသမီးများ၏ အခွင့်အရေး ပြင်းပြင်းထန်ထန်ချိုးဖေါက် ခံနေရခြင်းကြောင့် ဝိုင်းဝန်းကူညီပေးကြရန် အဲန်အယ်ဒီအမျိုးသမီးအဖွဲ့နှင့် ၈၈မျိုးဆက်ကျောင်းသူ အမျိုးသမီးများက ကုလလူ့အခွင့်အရေးကောင်စီနှင့် ကမ္ဘာ့အမျိုးသမီး အခွင့်အရေးလှုပ်ရှားသူများ ထံ တောင်းဆိုလိုက်သည်။ (DVB 231107)
- ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့် ဗန်မော်ကားလမ်းအကြား တုံဖုန်းယန်မြို့နယ်ခွဲအတွင်းရှိ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ KIO နှင့် တိုက်နယ်ရုံး တစ်ခုအား (မပခ)လက်အောက်ခံ ခလရ(၁၄၆)က ယခုလ(၂၂)ရက်နေ့တွင် ဝင်ရောက်သိမ်းပိုက်ခဲ့ပြီး ရုံးအဖွဲ့မှူးအပါအဝင် KIO တပ်ဖွဲ့ဝင် (၈)ဦးကို ဖမ်းဆီးခေါ်ဆောင်သွားသည်။ (NEJ/ DVB 241107)
- ထိုင်း–မြန်မာနယ်စပ်ရှိ မြန်မာလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဒေါက်တာစင်သီယာမောင်ကို ထိုင်ဝမ်နိုင်ငံ အခြေစိုက် ထိုင်ဝမ်ဒီမိုကရေစီ ဖေါင်ဒေးရှင်းအဖွဲ့က ၂၀၀၇ ခုနှစ်အတွက် အာရှဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆု ချီးမြှင့်လိုက်သည်။ (NEJ 241107)
- ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ငွေကြာရံကျောင်းတိုက်မှ သံဃာတော် ဦးအဂ္ဂ၊ ဦးဃာသိတ၊ ဦးဇောနေယျ၊ ဦးနန္ဒ၊ ဦးဇဋိလ၊ ဦးဝိသာလနှင့် ဦးတ္တသရိယ အပါအဝင် အနည်းဆုံး(၁၅)ပါးခန့် ပျောက်ဆုံးနေသည်။ (DVB 241107)
- ပျောက်ဆုံးနေသည့် မအေးမြင့်မြတ်အပါအဝင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်ခေါင်းဆောင်များနှင့် ပတ်သက်၍ သတင်းမှန် ထုတ်ပြန်ပေးရန် စစ်အစိုးရကို ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်က ယနေ့ တောင်းဆိုလိုက်သည်။ (DVB 241107)
- ရွှေဝါရောင်တော်လှန်ရေးပြန်လည်စတင်ရန် မျိုးဆက်သစ်လူငယ်များအစည်းအရုံး မြန်မာနိုင်ငံ (ဗမာပြည်)က ရဟန်းရှင်လူ ကျောင်းသားပြည်သူများသို့ ယနေ့နေ့စွဲဖြင့် တိုက်တွန်းစာတစ်စောင် ထုတ်ပြန်လိုက်သည်။ (NEJ/ Mizzima 271107)
- "မိမိတို့တပ်တွင် ကလေးစစ်သား အသုံးပြုမှုမရှိကြောင်း၊ ယူအန်အနေဖြင့် အခြေအနေအမှန်ကိုသိရှိနိုင်ရန် လာရောက်ကြည့်ရှုစစ်ဆေးနိုင်ကြောင်း" ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးက ပြောသည်။(NEJ 271107)
- မန္တလေးမြို့မှ စာရေးဆရာမကြီး လူထုဒေါ်အမာ၏ (၉၂)နှစ် မွေးနေ့ ပွဲကို အမရပူရမြို့ရှိ မဟာဂန္ဓာရုံ ကျောင်းတိုက်တွင် ယခုလ(၂၉)ရက်နေ့ နံနက် ပိုင်းမှစတင်ကာ ကျင်းပမည်။ (Mizzima 271107)
- ၂၀၀၆–၂၀၀၇ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ လုပ်ငန်းတွင် (၆၀)%ကျော်၊ စွမ်းအင်ကဏ္ဍတွင် (၃၇)% နှင့် ငါးဖမ်းလုပ်ငန်းတွင် (၂)ရာခိုင်နှုန်း ဖြစ်သည်ဟု အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ယမန်နေ့ ထုတ် ပြန်သည့် စာရင်းတွင် ဖေါ်ပြထားသည်။ (RFA 271107)
- သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများက မဂ္ဂင်ဘုန်းကြီးကျောင်းကို နံနက်ဖြန် နောက်ဆုံးထားပိတ်ပေးရန် ယမန်နေ့က လာရောက်ပြောဆိုခဲ့ကြောင်း ၈၈မျိုးဆက်ကျောင်းသားအဖွဲ့မှ မနီလာသိန်းက ပြောသည်။ (Irrawaddy/ DVB 281107)

## နိုင်ငံတကာ

- ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Mr.Gambariသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာကြောင်း သိရသည်။ (DVB 031107)
- ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်အကြီးအကဲ မစ္စတာ ချားပက်ထရီကို နအဖစစ်အစိုးရက သက်တမ်းတိုးခွင့်မပြုသည့်အပေါ် စိတ်ပျက်မိကြောင်း Mr.Gambari က ပြောဆိုသည်။ (DVB 031107)
- ကုလအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Mr.Gambariသည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း၊ အလုပ်သမား ဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်တို့နှင့် နေပြည်တော်တွင် တွေ့ဆုံခဲ့သည်။ (DVB 041107)
- ရန်ကုန်ရှိ ကုလသမဂ္ဂအကြီးအကဲ ချားလ်ပက်ထရီကို မောင်းထုတ်ခဲ့သည့် နအဖ၏လုပ်ရပ်ကို အမေရိကန်အစိုးရ အပါအဝင် ကမ္ဘာ့နိုင်ငံအတော် များများက ကန့်ကွက်ရှုတ်ချလိုက်ကြောင်း သိရသည်။ (DVB 051107)

- ကုလအထူးကိုယ်စားလှယ် Mr.Gambariသည် ယနေ့ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ (DVB 061107)
- အထူးကိုယ်စားလှယ် Mr.Gambari ကို စေလွှတ်ထားသည်မှာ ယခု (၅)ရက်ကျော်လာသည်အထိ လိုရင်းမရောက်ဖြစ်နေရသည့်အပေါ် စိုးရိမ်ပူပန်မိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Ban Ki-Moon က ယမန်နေ့တွင် ပြောဆိုသည်။ (DVB 071107)
- ယနေ့စတင်သည့် ILO အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးတွင် မြန်မာနိုင်ငံမှ လုပ်အားပေး အခြေအနေအကြောင်း အစီရင်ခံ စာကို ILO ရန်ကုန်ရုံးခွဲ တာဝန်ခံ စတီဗင်မာရှယ်က တင်သွင်းထားပြီး ယခုလ(၁၄)ရက်နေ့ တွင် ဆွေးနွေးမည်ဟု ILO အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။ (DVB 121107)
- လူ့အခွင့်အရေးအထူးစုံစမ်းသူ မစ္စတာ Paulo Sergio Pinheiroသည် ယမန်နေ့က ပဲခူးမြို့မှ ကြခတ် ဝိုင်းကျောင်းတိုက် အပါအဝင် ဘုန်းတော်ကြီးကျောင်းအချို့ကို သွားရောက်ခဲ့ပြီး ရွှေတိဂုံစေတီဂေါပကအဖွဲ့နှင့် တွေ့ဆုံခဲ့သည်။ (DVB 121107)
- မစ္စတာ Paulo Sergio Pinheiroသည် သာသနာရေးဦးစီးဌာနနှင့် ပြည်ထဲရေး ဝန်ကြီးဌာနမှ အရာရှိများနှင့် တွေ့ဆုံခဲ့သည်။ (DVB 121107)
- Paulo Sergio Pinheiroသည် ယနေ့ နေပြည်တော်တွင် ချားလ်ပက်ထရီ ဦးဆောင်သည့် ကုလသမဂ္ဂဝန်ထမ်းများနှင့်လည်းကောင်း၊ သံတမန်(၂၄)ဦးနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။ (DVB 141107)
- Paulo Sergio Pinheiroသည် နေပြည်တော်၌ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း၊ အလုပ်သမားနှင့်ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ပြန်ကြားဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့နှင့် တွေ့ဆုံခဲ့သည်။ (DVB 141107)
- မြန်မာပြည်ခရီးစဉ်သည် တိုးတက်မှုအတော်အတန်ရှိကြောင်း ကုလအထူးကိုယ်စားလှယ် Ibrahim Gambari မှ ယမန်နေ့က အစီရင်ခံသော်လည်း အနောက်တိုင်းသံတမန်များက စစ်အစိုးရအပေါ် သံသယရှိကြောင်း ပြောဆိုသည်။ (RFA 141107)
- (၅)ရက်ကြာ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေကို သွားရောက်စစ်ဆေးခဲ့သည့် Paulo Sergio Pinheiroသည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မရပဲ သူ၏ခရီးစဉ်ကို ယနေ့ အဆုံးသတ်လိုက်သည်။ (DVB 151107)
- Paulo Sergio Pinheiroသည် ယနေ့ အင်းစိန်ထောင်သို့ သွားရောက်ပြီး သတင်းစာဆရာကြီး ဦးဝင်းတင်၊ မစုစုနွေးနှင့် ၈၈မျိုးဆက် ကျောင်းသားတော်တော်များများနှင့်တွေ့ဆုံခဲ့သည်ဟု ရန်ကုန်လေဆိပ်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။ (DVB 151107)
- စက်တင်ဘာအရေးအခင်းတွင် သေဆုံးသူ(၁၄)ဦး ရှိခဲ့သည်ဟု မြန်မာအာဏာပိုင်များက ပြောခဲ့ကြောင်း Paulo Sergio Pinheiroက ယနေ့ ဘန်ကောက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။ (DVB 161107)
- ငြိမ်းချမ်းစွာဆန္ဒပြသူများကို အကြမ်းဖက်နှိမ်နင်းသတ်ဖြတ်ခဲ့သည့်အပေါ် မြန်မာစစ်အစိုးရကို ဂျပန်ဝန်ကြီးချုပ်နှင့် အမေရိကန်သမ္မတဘုရှ်တို့က ယမန်နေ့က ရှုတ်ချလိုက်သည်။ (RFA 171107)
- အာဆီယံထိပ်သီးအစည်းအဝေးပွဲတွင် မြန်မာနိုင်ငံအရေးကိစ္စကို ဦးစားပေးဆွေးနွေးကြရန် မစ္စတာ Paulo Sergio Pinheiro က ယမန်နေ့က ပြောဆိုတိုက်တွန်းလိုက်သည်။ (RFA 181107)
- မြန်မာနိုင်ငံမှ ကျွန်းသစ်၊ ကျောက်မျက်ရတနာနှင့်သတ္တုမျိုးစုံ တင်သွင်းမှုကိုပိတ်ပင်သည့် EUမှ စစ်အစိုးရအပေါ် စီးပွါးရေးပိတ်ဆို့မှုအသစ်တစ်ရပ်သည်။ (DVB 191107)
- မြန်မာနိုင်ငံမှအခြေအနေများသည် အပြုသဘောဆောင်သည့် တိုးတက်မှုများဖြစ်ပေါ်လာလိမ့်မည်ဟု မစ္စတာ Ibrahim Gambari က စင်္ကာပူအခြေစိုက် The Straits Time သတင်းစာကို ယနေ့ ပြောကြားလိုက်သည်။ (DVB 191107)
- အမျိုးသားပြန်လည်ရင်ကြားစေ့ရေး အခိုင် အမာပေါ်ထွက်လာပြီး ဒီမိုကရေစီ၊ တည်ငြိမ်မှုနှင့် တိုးတက်ဖွံ့ဖြိုးမှုရရှိမှုကို မျှော်လင့်နေသည်ဟု တရုတ်ဝန်ကြီးချုပ်က ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ယနေ့တွေ့ဆုံစဉ် ပြောကြားသည်။ (RFA 191107)
- မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲဖြစ်ရန် ကုလသမဂ္ဂမှ ကြိုးပမ်းနေခြင်းကို ထောက်ခံသည်ဟု တရုတ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာ ဂျင်ဂန်းက သတင်းထောက်များကို ယမန်နေ့က ပြောကြားလိုက်သည်။ (RFA 191107)
- နအဖအစိုးရမှ ကန့်ကွက်သောကြောင့် မစ္စတာ Ibrahim Gambari၏ အာဆီယံအစည်းအဝေးတွင် မြန်မာနိုင်ငံ အခြေအနေနှင့်ပတ်သက်၍ အစီရင်ခံမည့် အစီအစဉ်ကို အာဆီယံအဖွဲ့က ဖျက်သိမ်းလိုက်သည်။ (NEJ 201107)
- မြန်မာနိုင်ငံပြဿနာများကို ပါဝင်ဖြေရှင်းရာတွင် အောင်မြင်မှုရရှိရန်အတွက် ၎င်း၏လုပ်ပိုင်ခွင့်ကို ပိုတိုးမြှင့်ရန်လိုကြောင်း မစ္စတာ Ibrahim Gambari က ယနေ့ပြောဆိုလိုက်သည်။ (DVB 211107)
- နေအိမ်အကျယ်ချုပ်ကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံးပြန်လွှတ်ပေးရန် ဖိလစ်ပိုင် သမ္မတ ဂလိုရီယာ အာရိုယိုက ယနေ့ တောင်းဆိုလိုက်သည်။ (RFA 211107)
- မြန်မာနိုင်ငံကိစ္စအပေါ်တွင် အာဆီယံနှင့်အမေရိကန်တို့ သဘောမတူနိုင်သည့်အတွက် ယခုလောလောဆယ်တွင် အမေရိကန် နှင့် အာဆီယံကုန်သွယ်ရေးစာချုပ်ချုပ်ဆိုရန် မဖြစ်နိုင်ဟု အမေရိကန်လက်ထောက်ကုန်သွယ်ရေးဝန်ကြီး Susan Schwab က ပြောသည်။ (RFA 211107)
- ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ထိန်းသိမ်းခံထားရသူအားလုံးကို ပြန်လွှတ်ပေးရန် ယနေ့ စင်္ကာပူနိုင်ငံတွင် ထုတ်ပြန်ခဲ့သည့် ဥရောပသမဂ္ဂ EUနှင့် အာဆီယံ ပူးတွဲကြေညာချက်ဖြင့် တောင်းဆိုလိုက်သည်။ (DVB 221107)
- ဒေါ်အောင်ဆန်းစုကြည်ကို ဗြိတိန်နိုင်ငံအခြေစိုက် နိုင်ငံအခြေစိုက် နိုင်ငံရေးလေ့လာသူများအဖွဲ့က ဘဝတလျှောက်လုံး နိုင်ငံရေးတွင် ဆောင်ရွက်နိုင်မှုအတွက် အထူးဆုကို ယမန်နေ့က ချီးမြှင့်လိုက်သည်။ (NEJ 281107)

**(NDD) သုတေသနနှင့် မှတ်တမ်းတင်ဌာန၏ တလအတွင်းမြန်မာ့သတင်း – ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလမှ ထုတ်နှုတ်ဖော်ပြသည်။**

■ ■ ■ ■